မြေမှုံ
The Mirror

၁၃၆၇ ခုနှစ်၊ ဝါဆိုလပြည့်ကျော် ၈ ရက်၊ သောကြာနေ့၊ (29-7-2005) (၄၆၇၁)

ပြည်ထောင်စု မြန်မာနိုင်ငံတော်–နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ တရုတ်ပြည်သူ့သမ္မတနိုင်ငံ–နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး မစ္စတာလီကျောက်ရှင်းအား ရန်ကုန်မြို့ ပြည်လမ်း ပြည်သူ့လွှတ်တော် အဆောက်အအုံရှိ သံတမန်ခန်းမ၌ ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။ (ယာပုံ)နှင့် ပြည်ထောင်စု မြန်မာနိုင်ငံတော်–နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး မစ္စတာလီကျောက်ရှင်းနှင့် အဖွဲ့နှင့်အတူ ရန်ကုန်မြို့ ပြည်လမ်း ပြည်သူ့လွှတ်တော် အဆောက်အအုံရှိ သံတမန်ခန်းမ၌ မှတ်တမ်းဓာတ်ပုံရိုက်စဉ်။ (အောက်ပုံ) (သတင်းစဉ်)

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီးနှင့်အဖွဲ့အား လက်ခံတွေ့ဆုံ

ရန်ကုန် ဇူလိုင် ၂၈

ပြည်ထောင်စုမြန်မာနိုင်ငံတော်–နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး မစ္စတာလီကျောက်ရှင်းနှင့် အဖွဲ့အား ယနေ့နံနက် ၁၀နာရီတွင် ရန်ကုန်မြို့ ပြည်လမ်း ပြည်သူ့လွှတ်တော်အဆောက်အအုံရှိ သံတမန်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

တက်ရောက်

ထိုသို့ လက်ခံတွေ့ဆုံရာတွင် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့်အတူ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဗိုလ်ချုပ်ကြီးသူရရွှေမန်း၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်း၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးများဖြစ်ကြသော ဦးကျော်သူနှင့် ဦးမောင်မြင့်၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး ညွှန်ကြားရေးမှူးချုပ် ဒုတိယဗိုလ်မှူးကြီးဖေငြိမ်း၊ နိုင်ငံခြားရေးဝန်ကြီးဌာန သံတမန်ရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် သူရဦးအောင်ထက်တို့ တက်ရောက်ကြပြီး ဧည့်သည်တော် တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး မစ္စတာလီကျောက်ရှင်းနှင့် အဖွဲ့နှင့်အတူ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာလီကျင်ကျွမ်းလည်း တက်ရောက်သည်။ (သတင်းစဉ်)

နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏ တာဝန်ဖြစ်သည်။

ကြေးမုံ The Mirror
၂၉-၇-၂၀၀၅
(သောကြာနေ့)

ပြည်တွင်း ပြည်ပ အဖျက်သမားများအန္တရာယ် ပြည်သူ့စွမ်းအား စည်းလုံးမှုအင်အားဖြင့် တားဆီးကာကွယ်

ယနေ့အချိန်အခါသည် နိုင်ငံတော်အစိုးရက မြန်မာနိုင်ငံကို နိုင်ငံတကာနှင့် ရင်ပေါင်တန်းဖွံ့ဖြိုးတိုးတက်စေရေး၊ အမျိုးသားစီးပွားရေးဘဝ တိုးတက်ခိုင်မာတောင့်တင်းစေရေးနှင့် တိုင်းရင်းသားပြည်သူများ၏ လူနေမှုဘဝအဆင့်အတန်း တိုးတက်မြင့်မားစေရေး ရည်မှန်းချက်များဖြင့် ကြိုးပမ်းတည်ဆောက်နေသော ကာလဖြစ်သည်။ နိုင်ငံတစ်ဝန်း တည်ငြိမ်အေးချမ်းသာယာပြီး တရားဥပဒေစိုးမိုးရေး၊ နယ်စပ်ဒေသများအပါအဝင် ဒေသအားလုံး ဟန်ချက်ညီညီ ဖွံ့ဖြိုးတိုးတက်စေရေးတို့အတွက် ဖွံ့ဖြိုးရေး စီမံကိန်းများကိုချမှတ်၍ အရှိန်အဟုန်ဖြင့် အကောင်အထည်ဖော်နေသည်။

နိုင်ငံတော်၏ မှန်ကန်သောဦးဆောင်မှုနှင့်အတူ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးက ဘက်စုံကဏ္ဍစုံ၌ ပါဝင်ကြိုးပမ်း ဆောင်ရွက်လျက်ရှိသည်။ ယခုအခါ နိုင်ငံတော်၊ ပြည်သူနှင့်တပ်မတော်တို့၏ စည်းလုံးညီညွတ်မှုစွမ်းအားဖြင့် ကြိုးပမ်းစွမ်းဆောင်မှုများကြောင့် နိုင်ငံတော်သည် ဖွံ့ဖြိုးတိုးတက်မှုလမ်းကြောင်းမှန်ပေါ်သို့ ရောက်ရှိနေပြီဖြစ်သည်။ အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနိုင်ငံတော် ပေါ်ထွန်းလာရေးအတွက် နိုင်ငံတော် ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ်ကိုချမှတ်၍ အကောင်အထည်ဖော်လျက်ရှိနေသည်။

ယင်းသို့ နိုင်ငံတော်တွင် ကဏ္ဍအလိုက် ဖွံ့ဖြိုးတိုးတက်မှု အရှိန်အဟုန်ကောင်းများ ရရှိနေသည့်အချိန်အခါ၌ မြန်မာနိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်မှုကို မနာလိုမရှုဆိတ်ကြသည့် ပြည်တွင်းပြည်ပမှ အဖျက်သမားများက နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ သဘောတရားရေး၊ ဝါဒဖြန့်ချိရေး နည်းလမ်းများဖြင့် ဟန့်တားနှောင့်ယှက်လျက်ရှိသည်။

မြန်မာနိုင်ငံကို ဩဇာလွှမ်းမိုးလိုသည့် နိုင်ငံကြီးအချို့ကလည်း မူးယစ်ဆေးဝါးကိစ္စ၊ အဓမ္မခိုင်းစေမှုကိစ္စ စွပ်စွဲချက် အမျိုးမျိုးပြ၍ ဘက်ပေါင်းစုံက အကျပ်ကိုင်နှောင့်ယှက်ဟန့်တားမှုများ ပြုလုပ်လျက်ရှိသည်ကို တွေ့ရသည်။ ယင်းသို့သော ခြိမ်းခြောက်အကျပ်ကိုင် နှောင့်ယှက်မှုများကို ပြည်သူတစ်ရပ်လုံးက လုံးဝလက်မခံဘဲ တွန်းလှန်ဖြိုဖျက်သွားကြမည်သာဖြစ်သည်။

ပြည်တွင်းပြည်ပ အဖျက်သမားများအန္တရာယ်ကို ပြည်သူ့စွမ်းအား စည်းလုံးမှုအင်အားဖြင့် ကာကွယ်ရေး လူထုအစည်းအဝေးကို ဇူလိုင်လ ၂၇ ရက်နေ့က ရန်ကုန်တိုင်း မရမ်းကုန်းမြို့နယ်ရှိ မြန်မာကွန်ဗင်းရှင်းစင်တာ၌ကျင်းပရာ ရန်ကုန်တိုင်းအတွင်းရှိ အသင်းအဖွဲ့အသီးသီးနှင့် မြို့နယ်များမှ ရပ်မိရပ်ဖများအပါအဝင် အင်အား ၂၇၀၀ တက်ရောက်ခဲ့သည်။ အဆိုပါလူထုအစည်းအဝေး၌ လူမှုရေးအသင်းအဖွဲ့ဝင်များက **ပြည်တွင်းပြည်ပ အဖျက်သမားများအန္တရာယ်ကို ပြည်သူ့စွမ်းအား စည်းလုံးမှုအင်အားဖြင့်ကာကွယ်ရေး၊ ဒို့တာဝန်အရေးသုံးပါးကိုခံယူပြီး နိုင်ငံတော် အေးချမ်းသာယာရေး၊ ဖွံ့ဖြိုးတိုးတက်ရေး တည်ဆောက်မှုများနှင့် နိုင်ငံတော် ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ် အောင်မြင်ရေးတွင် ပြည်ထောင်စုစိတ်ဓာတ်အပြည့်အဝဖြင့် ပူးပေါင်းပါဝင်ဆောင်ရွက်ရေး**တို့ကို အကျယ်တဝင့် ဆွေးနွေးတင်ပြကြပြီး လူထုအစည်းအဝေးသို့ တက်ရောက်လာကြသော ကိုယ်စားလှယ်များက တစ်ခဲနက် အတည်ပြုဆုံးဖြတ်ခဲ့ကြသည်။

မြန်မာနိုင်ငံကိုမလိုလားသော အနောက်နိုင်ငံအချို့က စီးပွားရေးအရ ပိတ်ဆို့မှုကြောင့် စက်ရုံအချို့ပိတ်ခဲ့ရသဖြင့် မြန်မာအလုပ်သမားများ အလုပ်လက်မဲ့ဖြစ်ခဲ့ရပြီး ဆိုးကျိုးရလဒ်များ ခံစားကြရသည်။

ပြည်ပဆရာကြီးများနှင့် အကြမ်းဖက်သမားအုပ်စုများပူးပေါင်း၍ နိုင်ငံတော်အစိုးရကို မြေပေါ်၊ မြေအောက်၊ ပြည်ပြေးတို့ သုံးဖက်သုံးတန် ညှပ်တိုက်ပြီး ၎င်းတို့ရည်မှန်းချက်များ အောင်မြင်စေရန် ရည်ရွယ်လုပ်ဆောင်လာမှုများလည်းရှိသည်။ ပြည်ပဩဇာခံ အမျိုးသားသစ္စာဖောက်အဖွဲ့များက နိုင်ငံတကာမျက်နှာစာတွင် ဒီမိုကရေစီတိုက်ပွဲဝင်နေသူများအဖြစ် ဟန်ဆောင်ကာ ပြည်ပမှထောက်ပံ့ငွေများ၊ ရန်ပုံငွေများ တောင်းခံရယူသုံးစွဲလျက် မြန်မာနိုင်ငံ အေးချမ်းတည်ငြိမ်မှု ပျက်ပြားအောင် လုပ်ဆောင်လာကြသည်။

အဖျက်သမားများကလည်း ပြည်သူတစ်ရပ်လုံး၏ အသက်အိုးအိမ်စည်းစိမ် ပျက်စီးဆုံးရှုံးအောင် အကြမ်းဖက်လုပ်ရပ်များဖြင့် ကျူးလွန်လုပ်ဆောင်လာလျက်ရှိသည်။ ယင်းသို့ ပြည်တွင်းပြည်ပ အဖျက်သမားအုပ်စုများက နည်းလမ်းအမျိုးမျိုးဖြင့် လုပ်ကြံဖန်တီးနှောင့်ယှက်လာမှုများကို တွန်းလှန်ဖြိုဖျက်နိုင်ရေး လူထုအစည်းအဝေးများ ကျင်းပ၍ ပြည်သူတို့ဆန္ဒကို တစ်ခဲနက် ဖော်ထုတ်ပြသလျက်ရှိသည်။

သို့ဖြစ်ရာ ပြည်တွင်းပြည်ပ အဖျက်သမားများနှင့် ပြည်ပနိုင်ငံကြီးအချို့က မြန်မာနိုင်ငံနှင့်ပြည်သူများ ဆင်းရဲဒုက္ခရောက်စေရန် မည်သို့သော အဖျက်အမှောင့်လုပ်ရပ်များဖြင့် လုပ်ကြံဖန်တီးလုပ်ဆောင်လာကြစေကာမူ နိုင်ငံတော်အစိုးရနှင့် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးက ပြည်သူ့စွမ်းအား စည်းလုံးမှုအင်အားဖြင့် အဖျက်သမားများအန္တရာယ်ကို တွန်းလှန်တားဆီးကာကွယ်သွားနိုင်မည်ဟု ကြေးမုံက ယုံကြည်ပါသည်။ ။

ပြည်သူ့သဘောထား

★ ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့်နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
★ ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

မိုးကုတ်ဝိပဿနာတရားစခန်းပွဲ

ရန်ကုန် ဇူလိုင် ၂၈

အင်းစိန်မြို့နယ် မြို့သစ်(က+ခ)ရပ်ကွက် ဘုရင့်နောင်လမ်းမ၊ ဓမ္မိကာရာမ ပေါက်တောကျောင်းတိုက် မိုးကုတ်ဝိပဿနာဓမ္မရိပ်သာအဖွဲ့ခွဲ (၁၅၇)တွင် နယ်လှည့်ဓမ္မကထိကဆရာတော် ဘဒ္ဒန္တစန္ဒဝံသ(ဓမ္မာစရိယ)သည် ဩဂုတ် ၇ရက်မှ ၁၃ရက်အထိ ပဋိစ္စသမုပ္ပါဒ် ခန္ဓာဉာဏ်ရောက် သစ္စာတရားများကို ဟောကြားမည်ဖြစ်ပါ၍ တရားစခန်းဝင်လိုသော ယောဂီများ ဩဂုတ် ၆ရက် ညနေအရောက် လာရောက်ကြရန်နှင့် ဖုန်း-၆၄၁၅၉၄သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။

(က-ပ)

ရင်းရင်းနှီးနှီးနှုတ်ဆက်

ဇူလိုင် ၂၈ ရက်က ပြည်ထောင်စုမြန်မာနိုင်ငံတော်-နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်း ရန်ကုန်မြို့တွင်ရောက်ရှိနေသော တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး မစ္စတာလီကျောက်ရှင်းအား ရန်ကုန်မြို့ ကုန်းမြင့်သာရှိ ဇေယျာသီရိဗိမာန်ခန်းမ၌ ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။

(သတင်း-ကျော်ဖုံး) (သတင်းစဉ်)

မြန်မာနိုင်ငံတော်ပြန်တမ်း

ရန်ကုန် ဇူလိုင် ၂၈

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် အောက်ဖော်ပြပါ ဝန်ထမ်းအဖွဲ့အစည်းအကြီးအကဲများအား အစမ်းခန့်ကာလ (၁)နှစ်ပြည့်မြောက်သည့်နေ့မှစ၍ အတည်ပြုခန့်ထားလိုက်သည်-

အမည်	ဝန်ထမ်းအဖွဲ့အစည်းအကြီးအကဲ ရာထူး၊ ဌာန
(က) ဦးအောင်ဝင်း	ညွှန်ကြားရေးမှူးချုပ် မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန ဆောက်လုပ်ရေးဝန်ကြီးဌာန
(ခ) ဦးယုလွင်အောင်	ညွှန်ကြားရေးမှူးချုပ် ဗဟိုပြည်တွင်းကုန်တင်ကုန်ချကော်မတီရုံး အလုပ်သမားဝန်ကြီးဌာန

တရုတ်နိုင်ငံခြားရေးဝန်ကြီး မစ္စတာလီကျောက်ရှင်း ရန်ကုန်မြို့မှ ပြန်လည်ထွက်ခွာ

ရန်ကုန် ဇူလိုင် ၂၈

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်း၏ ဖိတ်ကြားချက်အရ ရန်ကုန်မြို့၌ ရောက်ရှိနေသော တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး မစ္စတာ လီကျောက်ရှင်း ခေါင်းဆောင်သည့် ကိုယ်စားလှယ်အဖွဲ့သည် မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာလီကျင်ကျွမ်းနှင့် တာဝန်ရှိသူများ လိုက်ပါလျက် ယနေ့နံနက် ၁၁နာရီတွင် လေးဆူဓာတ်ပုံ ရွှေတိဂုံစေတီတော်အား သွားရောက်ဖူးမြော် ကြည်ညိုကြသည်။

ရှေးဦးစွာ ဧည့်သည်တော် တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး မစ္စတာလီကျောက်ရှင်းသည် အဖွဲ့ဝင်များနှင့်အတူ စေတီတော်ရင်ပြင် ဧည့်ခံတန်ဆောင်းမှ စေတီတော်အား ပန်း၊ ဆီမီး၊ အမွှေးနံ့သာတိုင်များဖြင့် ဆက်ကပ်လှူဒါန်းပူဇော်ပြီး ဧည့်သည်တော်မှတ်တမ်း၌ လက်မှတ်ရေးထိုးသည်။

ယင်းနောက် ဧည့်သည်တော် နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီးသည် စေတီတော်အတွက် အလှူငွေများကို ပေးအပ်လှူဒါန်းသည်။

ထို့နောက် ဧည့်သည်တော် နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီးနှင့်အဖွဲ့ဝင်များသည် စေတီတော်ရင်ပြင်ရှိ သာသနိကအဆောက်အအုံများကို လှည့်လည်ကြည့်ရှုလေ့လာကြည်ညိုကြသည်။

မွန်းလွဲပိုင်းတွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး မစ္စတာ လီကျောက်ရှင်းနှင့် ကိုယ်စားလှယ်အဖွဲ့အား အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးစိုးသာက ဆီဒိုးနားဟိုတယ်၌ နေ့လယ်စာဖြင့် တည်ခင်းဧည့်ခံသည်။

ထိုမှတစ်ဆင့် ဧည့်သည်တော် ဝန်ကြီးနှင့် ကိုယ်စားလှယ်အဖွဲ့သည် ကမ္ဘာအေးစေတီလမ်းရှိ မြန်မာ့ကျောက်မျက်ရတနာ ပြတိုက်သို့ သွားရောက်ကြည့်ရှုလေ့လာကြသည်။

တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး မစ္စတာလီကျောက်ရှင်းနှင့် ကိုယ်စားလှယ်အဖွဲ့သည် ယနေ့ညနေ ၄နာရီခွဲတွင် ရန်ကုန်မြို့မှ ပေကျင်းမြို့သို့ အထူးလေယာဉ်ဖြင့် ပြန်လည်ထွက်ခွာသွားကြရာ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မြင့်၊ နိုင်ငံခြားရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာလီကျင်ကျွမ်းနှင့် သံရုံးဝန်ထမ်းများက ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်တွင် ပို့ဆောင်နှုတ်ဆက်ကြသည်။ (သတင်းစဉ်)

တည်ခင်းဧည့်ခံ

အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးစိုးသာ ရန်ကုန်မြို့တွင် ရောက်ရှိနေသော တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး မစ္စတာလီကျောက်ရှင်းနှင့် ကိုယ်စားလှယ်အဖွဲ့အား ဆီဒိုးနားဟိုတယ်၌ နေ့လယ်စာဖြင့် တည်ခင်းဧည့်ခံစဉ်။

(သတင်းစဉ်)

ဇူလိုင် ၂၈ ရက်က ပြည်ထောင်စုမြန်မာနိုင်ငံတော်– နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး မစ္စတာ လီကျောက်ရှင်းနှင့် အဖွဲ့အား ရန်ကုန်မြို့ ပြည်လမ်း ပြည်သူ့လွှတ်တော်အဆောက်အအုံရှိ သံတမန်ခန်းမ၌ လက်ခံတွေ့ဆုံစဉ်။
(သတင်း–ရှေ့ဖုံး) (သတင်းစဉ်)

ကျေးရွာကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များအတွက် အလှူရှင်များက စာအုပ်၊ စာစောင်များ နေ့စဉ်မပြတ် လှူဒါန်းလျက်ရှိ

ရန်ကုန် ဇူလိုင် ၂၈

ပြန်ကြားရေးဝန်ကြီးဌာန ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက နိုင်ငံတစ်ဝန်းလုံးရှိ ကျေးရွာတိုင်းကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များ ဖွင့်လှစ်ဆောင်ရွက်လျက်ရှိသည်။ အဆိုပါ စာကြည့်တိုက်များအတွက် စေတနာရှင်၊ အလှူရှင်များက နေ့စဉ်မပြတ် ငွေနှင့်စာအုပ်များ ပေးပို့လှူဒါန်းလျက်ရှိကြသည်။

၂၀၀၅ခုနှစ် ဇူလိုင်လ တတိယရက်သတ္တပတ်အတွင်း ကျေးရွာကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များ ဖွင့်လှစ်ရေးအတွက် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန (ရုံးချုပ်)သို့ တိုက်ရိုက်လှူဒါန်းခဲ့ကြသည့် အလှူရှင်များမှာ ဦးမြင့်ရွှေ–ဒေါ်ချိုချိုထွန်း အင်းစိန်မြို့နယ်က ဘာသာရေးစာစောင် ၁၆၃ စောင်၊ Dimple Tim HU ပန်းဘဲတန်းမြို့နယ်က မဂ္ဂဇင်းမျိုးစုံ ၁၄၅အုပ်၊ ဦးကျော်စွာထွန်း ရန်ကင်းမြို့နယ်က သုတ၊ ရသ စာအုပ်မျိုးစုံ ၄၉၇ အုပ်၊ ဦးဇော်ဝင်းမောင် ရွှေတောင်အဆင့်မြင့် ချည်မျှင်အထည်နှင့် အချောကိုင်စက်ရုံက ခေါင်းဆောင်မှုပညာ သိကောင်းစရာ စာအုပ် ၂၅၀၊ ဦးဝင်းကြိုင်–ဒေါ်လေးလေးမိသားစု ကျောက်မြောင်းက သုတ၊ ရသ စာအုပ်မျိုးစုံ ၇၃၂ အုပ်၊ ဒေါ်ရည်လေးလွင် သာကေတမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက မဂ္ဂဇင်းစုံ ၁၁၀၊ ဦးအောင်ချွန် မန္တလေးမြို့က လယ်တောထဲက စာခြောက်ရုပ်ကလေး အုပ် ၆၀၊ ဦးဇော်မင်းလတ် မိသားစု ငွေဆောင်မြို့နယ်က သေနင်္ဗျူဟာအတတ်ပညာနှင့် ခေါင်းဆောင်သူ၏ လက္ခဏာများ စာအုပ် ၂၁၀၊ ဦးရိုးကွန့်–ဒေါ်ခင်ညိုညို မန္တလေးမြို့က နန်းမြင့်ဂျာနယ် အစောင် ၃၁၀ တို့ဖြစ်သည်။

ဆက်သွယ်လှူဒါန်းနိုင်

အဆိုပါ အလှူရှင်များထံ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်၏ ကျေးဇူးတင်ဂုဏ်ပြုလွှာများ ပေးပို့လျက်ရှိကြောင်းနှင့် ကျေးရွာကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များအတွက် စာအုပ်၊ စာစောင်များနှင့် ငွေပဒေသာပင်များကို အမှတ် ၂၂/ ၂၄ ပန်းဆိုးတန်းလမ်း ရန်ကုန်မြို့ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန (ရုံးချုပ်)သို့ လူကိုယ်တိုင်လည်းကောင်း၊ ဖုန်း –၃၇၁၃၃၉၊ ၃၇၉၇၆၉တို့သို့လည်းကောင်း ဆက်သွယ်လှူဒါန်းနိုင်သည်။
(သတင်းစဉ်)

ဇူလိုင် ၂၈ရက်က အားကစားဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံဟော်ကီအဖွဲ့ချုပ်တို့ ပူးပေါင်းကျင်းပသော အဖွဲ့ချုပ်ဒိုင်လူကြီးနှင့် နည်းပြများ အင်္ဂလိပ်စာ (အရေး/အပြော)သင်တန်းဖွင့်ပွဲ တွင် အားကစားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ် သူရအေးမြင့်က ဦးကျော်ကျော်လှိုင်အား ဂုဏ်ပြုမှတ်တမ်းလွှာ ပေးအပ်စဉ်။ (ဟော်ကီအဖွဲ့ချုပ်)

ရန်ကုန်မြောက်ပိုင်းခရိုင် ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက် ခရိုင်လုံးကျွတ်ဖွင့်လှစ်ပြီး

ရန်ကုန် ဇူလိုင် ၂၈

ကျေးလက်နေပြည်သူများ အသိပညာဖွံ့ဖြိုးတိုးတက်ရေးအတွက် ကျေးရွာတိုင်း ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များ ဖွင့်လှစ်ရေး ရည်မှန်းချက်နှင့်အညီ ဆောင်ရွက်လျက်ရှိရာ ရန်ကုန်မြောက်ပိုင်းခရိုင်အတွင်းရှိ တိုက်ကြီးမြို့နယ်မှ ၃၅၂ ရွာ၊ ထန်းတပင်မြို့နယ်မှ ၁၇၈ ရွာ၊ မင်္ဂလာဒုံမြို့နယ်မှ ၁၁၄ ရွာ၊ မှော်ဘီမြို့နယ်မှ ၁၇၁ ရွာ၊ ရွှေပြည်သာမြို့နယ်မှ ခုနစ်ရွာ၊ လှည်းကူးမြို့နယ်မှ ၁၁၄ ရွာနှင့် လှိုင်သာယာမြို့နယ်မှ ရှစ်ရွာ စုစုပေါင်း ၈၄၄ရွာတို့တွင် ကျေးရွာကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များ ဖွင့်လှစ်ပြီးစီးကြောင်းသိရသည်။ အဆိုပါ ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များအနက် ထန်းတပင်နှင့် တိုက်ကြီးမြို့နယ်အတွင်းရှိ ကျေးရွာကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များအတွက် မဂ္ဂဇင်း ၂၀၀၀၊ ဂျာနယ် ၅၅၀၊ စာစောင် ၅၀၀ စုစုပေါင်းတန်ဖိုး ကျပ် ၁၁၅၅၀၀၀ ကို ဇွန် ၃၁ ရက်တွင် ပေးလှူခဲ့ပြီးဖြစ်သည်။ (ခရိုင်/ပြန်ဆက်)

ကျေးရွာတိုင်း ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များ ထူထောင်ဖို့ ဝိုင်းဝန်းကူညီဆောင်ရွက်စို့

၂၀၀၅ခုနှစ်၊ ဇူလိုင်လ (၂၆)ရက်နေ့အထိ နိုင်ငံအဝန်းတွင်ကျေးရွာ ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်(၂၃၄၈၅)တိုက် ဖွင့်လှစ်ပြီးဖြစ်ပါသည်။

ကျေးလက်နေပြည်သူအများ ပညာဗဟုသုတတိုးပွားစေရန်
ကျေးရွာကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များအတွက် စာအုပ်များကို
ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ခရိုင်/မြို့နယ်ရုံးများသို့ လှူဒါန်းနိုင်ကြပါသည်။

ပြန်ကြားရေးဝန်ကြီးဌာန
ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန

အများပြည်သူသိရှိရန် အသိပေးနှိုးဆော်ချက်

၁။ ဈေးကွက်များတွင် ရောင်းချနေသော အောက်ဖော်ပြပါ ဆေးဝါးများမှာ ဆေးဝါးအတုနှင့် စံမညီဆေးဝါးဖြစ်ပါသဖြင့် လုံးဝအာနိသင်မရှိပါကြောင်း အသိပေးအပ်ပါသည်–

စဉ်	ဆေးအမည်	ထုတ်လုပ်သည့်ကုမ္ပဏီနှင့်လိပ်စာ
(က)	S-Mox-250 (Amoxycillin Capsule BP 250 mg)	SYSTEMIC PHARMACEUTICAL Industrial Estate Baroda-16
(ခ)	Ampicillin Capsule IP (Ampicillin Trihydrate IP Equivalent to Ampicillin 250 mg)	CADICHEM Pharma W/86 MIDC Industrial Estate Mumbai

၂။ အထက်ဖော်ပြပါဆေးဝါးများမှာ မြန်မာနိုင်ငံတွင် မှတ်ပုံတင်ထားခြင်း(မရှိ)သော ဆေးဝါးများဖြစ်ပါကြောင်း ဖော်ပြအပ်ပါသည်။

၃။ (S-Mox-250) ဆေးတောင့်တွင်ပါရှိသော ဆေးမှုန့်မှာ သတ်မှတ်ဖော်ပြထားသည့် Amoxycillin ဆေးမှုန့် လုံးဝမပါဘဲ၊ ပြောင်းကော်မှုန့်များသာ ဖြစ်သဖြင့် ဆေးဝါးအတုဖြစ်ကြောင်း ဓာတ်ခွဲစစ်ဆေးတွေ့ရှိရပါသည်။

၄။ (Ampicillin Capsule IP) ဆေးတောင့်တွင်ပါရှိသော ဆေးမှုန့်မှာ သတ်မှတ်ဖော်ပြထားသည့် Ampicillin ၂၅၀ မီလီဂရမ်အစား Ampicillin ၁၀မီလီဂရမ်သာ ပါရှိသဖြင့် သတ်မှတ်ထားသည့် ပမာဏ၏ ၄ ရာခိုင်နှုန်းသာ ပါရှိသဖြင့် စံမညီ ဆေးဝါးဖြစ်ကြောင်း ဓာတ်ခွဲစစ်ဆေးတွေ့ရှိရပါသည်။

၅။ အထက်ဖော်ပြပါ ဆေးဝါးအတု၊ စံမညီဆေးဝါးများကို သောက်သုံးသော ရောဂါဝေဒနာရှင်များသည် စရိတ်များစွာ ကုန်ကျသည့်ပြင် မိမိတို့ခံစားနေရသော ရောဂါများ ပျောက်ကင်းခြင်း (လုံးဝ)မရှိဘဲ ပိုမိုဆိုးရွားသော အခြေအနေသို့ ဆိုက်ရောက်နိုင်ပါသည်။

၆။ ဆေးဝါးတင်သွင်းဖြန့်ဖြူးသည့် ကုမ္ပဏီ၊ ဆေးဝါးရောင်းချသည့် ဆေးဆိုင်များသည် မြန်မာနိုင်ငံတွင် မှတ်ပုံတင်ထားခြင်း မရှိသော ဆေးဝါးများ၊ ဆေးဝါးအတု၊ စံမညီဆေးဝါးများတင်သွင်း ဖြန့်ဖြူးရောင်းချခြင်းလုံးဝမပြုပါရန်နှင့် တွေ့ရှိပါက အမျိုးသားဆေးဝါးဥပဒေအရ အရေးယူခံရမည်ဖြစ်ကြောင်း သတိပေးအပ်ပါသည်။

၇။ အများပြည်သူများသည် ဆေးဝါးစစ်မှန်မှု၊ အရည်အသွေးပြည့်ဝမှုနှင့် အန္တရာယ်ကင်းစင်မှုအတွက် အာမခံချက်ရှိသော မြန်မာနိုင်ငံတွင် မှတ်ပုံတင်ရရှိထားသည့် ဆေးဝါးများကိုသာ စူးစမ်းဝယ်ယူသုံးစွဲကြပါရန် နှိုးဆော်အပ်ပါသည်။

ကျန်းမာရေးဝန်ကြီးဌာန

သံတမန်နှစ်ဦး အီရတ်တွင် ပြန်ပေးဆွဲခံရမှုကြောင့် အီရတ်ရှိ အယ်လ်ဂျီးရီးယားသံတမန်အဖွဲ့အားလုံးကို ရုပ်သိမ်း

လန်ဒန် ဇူလိုင် ၂၇

အယ်လ်ဂျီးရီးယား သံတမန်နှစ်ဦး အီရတ်နိုင်ငံတွင် လွန်ခဲ့သည့်ရက်သတ္တပတ်က ပြန်ပေးဆွဲခံခဲ့ရပြီးနောက် အယ်လ်ဂျီးရီးယားအစိုးရက အီရတ်ရှိ သံတမန်အားလုံးကို ရုပ်သိမ်းလိုက်သည်။

ဘဂ္ဂဒက်တွင်မည်သည့် အယ်လ်ဂျီးရီးယားလူမျိုးမျှမရှိတော့ဟု မိမိအတည်ပြု ပြောကြားနိုင်ကြောင်း ဝန်ကြီး မက်ဆာဟယ်က ပြောကြားသည်။

ယင်းဆုံးဖြတ်ချက်သည် ကြိုတင်ကာကွယ်သည့် အစီအစဉ်တစ်ရပ်ဖြစ်ပြီး ပြန်ပေးသမားများ၏ တောင်းဆိုချက်အား တုံ့ပြန်ခြင်းမဟုတ်ဟု အယ်လ်ဂျီးရီးယားအစိုးရက ပြောကြားသည်။

အခြားနိုင်ငံများက အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့တော်တွင် သံရုံးဖွင့်ရန် အီရတ်အစိုးရက လိုလားသည်။ သို့ရာတွင် အီဂျစ် ထိပ်တန်းသံတမန်တစ်ဦး မကြာမီကပြန်ပေးဆွဲခံရပြီး အသတ်ခံခဲ့ရသည်။

အီရတ်ရှိ အယ်လ်ခိုင်ဒါအုပ်စုက ယင်းတိုက်ခိုက်မှုကို ၎င်းတို့ပြုလုပ်ခဲ့သည်ဟု ကြေညာထားသည်။

အီရတ်နိုင်ငံဆိုင်ရာ အယ်လ်ဂျီးရီးယားထိပ်တန်း သံတမန် အလီဘာလာရူစီနှင့်၎င်း၏ လုပ်ဖော်ကိုင်ဖက်ဖြစ်သူ ဘယ်ကာဒီတို့ ဘဂ္ဂဒက်မြို့တော် မန်ဆူဒေသတွင် ကြာသပတေးနေ့က အဖမ်းခံခဲ့ရသည်။

ဘာလာရူစီပိုင်ဆိုင်သည့် စိစစ်ရေးစာရွက်စာတမ်းများ၏ ရုပ်ပုံများကို အင်တာနက်တွင် တနင်္လာနေ့က ဖော်ပြခဲ့သည်။ ***အင်တာနက်။***

အီရတ်နိုင်ငံတွင် ဖြစ်ပွားသောတိုက်ခိုက်မှုများကြောင့် ခြေတစ်ဖက်ဆုံးရှုံးသွားသော ကလေးငယ်တစ်ဦးကို ဇူလိုင် ၂၇ရက်က ဘဂ္ဂဒက်မြို့ ဆေးရုံပေါ်တွင် တွေ့ရစဉ်။ *(ဓာတ်ပုံ-အင်တာနက်)*

အာချေးပြည်နယ်တွင် ပင်လယ်ရေလှိုင်းကြောင့် အိမ်များပျက်စီး

ဂျကာတာ ဇူလိုင် ၂၇

အင်ဒိုနီးရှားနိုင်ငံ ဆူနာမီရေလှိုင်း ကျရောက်ခဲ့သော အာချေးပြည်နယ်တွင် မကြာသေးမီရက်များက လှိုင်းများ ထပ်မံကျရောက်ခဲ့သည်။ အဆိုပါ ရေလှိုင်းကျရောက်မှုကြောင့် ထိုဒေသရှိ အိမ်ဒါဇင်ပေါင်းများစွာ ပျက်စီးခဲ့ပြီး ရေလှိုင်းဒဏ်မှလွတ်ကင်းရာ ကုန်းမြင့်နေရာများသို့ နေထိုင်သူ ထောင်ပေါင်းများစွာကို ပြောင်းရွှေ့ခဲ့ကြရသည်။

အာချေးပြည်နယ် တောင်ဘက်တွင် သုံးမီတာအမြင့်ရှိ လှိုင်းလုံးများသည် ကမ်းခြေမှ ၁၅မီတာ အထိ တက်ခဲ့သည်ဟု အန်တာရာသတင်းဌာနက ရေးသားဖော်ပြခဲ့သည်။

အဆိုပါ ပင်လယ်ရေလှိုင်းဒဏ်ကြောင့် အာချေးဒေသတောင်ဘက်ခရိုင်သုံးခုရှိ အနည်းဆုံး အိမ်ခြေ ၂၃ လုံး ပျက်စီးခဲ့သည်။ သို့သော် သေပျောက်သူဦးရေကို ချက်ချင်းမသိရှိသေးဟု သိရှိရသည်။

အမ်အင်အေ၊ ဆင်ဟွာ။

ဘဂ္ဂဒက်အနောက်ပိုင်းတွင် မော်တော်ယာဉ်တစ်စီး တိုက်ခိုက်ခံရ အိမ်ပြန်လာသည့် စက်ရုံအလုပ်သမား ၁၇ ဦး သေဆုံး

ဘဂ္ဂဒက် ဇူလိုင် ၂၇

ဘဂ္ဂဒက်မြို့တော်အနောက်ပိုင်း အဘူဂါရိပ်ဒေသရှိ စက်ရုံမှအိမ်ပြန်လာသည့် အလုပ်သမားများအား တင်ဆောင်လာသည့် မော်တော်ယာဉ်တစ်စီးကို မည်သူမည်ဝါမှန်းမသိရသော လက်နက်ကိုင်များက အင်္ဂါနေ့တွင် ပစ်ခတ်မှုကြောင့် လူ ၁၇ ဦးသေဆုံးသွားခဲ့ကြောင်းဖြင့် ရဲနှင့် ဆေးရုံသတင်းရပ်ကွက်များက ပြောကြားကြသည်။

ယင်းတိုက်ခိုက်မှုတွင် သေဆုံးခဲ့သည့် လူ ၁၇ ဦး၏ အလောင်းများကို ရရှိထားကြောင်း ဘဂ္ဂဒက်မြို့တော် ဆေးရုံအနီးရှိ သတင်းရပ်ကွက်က ပြောကြားသည်။ ရဲသတင်းရပ်ကွက်က လူ ၁၂ ဦး သေဆုံးခဲ့သည် ဟု ပြောကြားသည်။

မိမိတို့ ဘတ်စ်ကားဖြင့် အိမ်ပြန်လာကြကြောင်း၊ ပြောက်ကျား ၁၀ ဦးခန့်ပါသည့် မော်တော်ယဉ်နှစ်စီးက မိမိတို့အား သေနတ်ဖြင့် ပစ်ခတ်ကြကြောင်း၊ မိမိတို့သည် အလုပ်သမားများဖြစ်ကြပြီး အဘယ်ကြောင့် မိမိတို့အား ပစ်ခတ်သည်ကို မသိရှိကြောင်းဖြင့် အလုပ်သမားတစ်ဦးဖြစ်သူ အဒေဗာမယ်က ပြောကြားသည်။ ၎င်း၏ နောက်ကျောတွင် သေနတ်ဒဏ်ရာ အများအပြားရရှိခဲ့ကာ အန်ဒူးဆေးရုံသို့ တက်ရောက်ကုသနေသည်။ ယင်းဆေးရုံတွင် ပစ်ခတ်မှုကြောင့် ဒဏ်ရာရရှိသူ ၂၀ ခန့်ကို ကုသပေးနေသည်။

ယင်းမော်တော်ယာဉ်တွင် အလုပ်သမား ၃၆ ဦးခန့် လိုက်ပါလာသည်ဟု ၎င်းက ဆက်လက်ပြောကြားသည်။

သေဆုံးသူများကို အခြားဆေးရုံသို့လည်း ယူဆောင်သွားသည်။

အယ်လ်-ဖာရစ်စက်ရုံက ပြန်လည်တည်ဆောက်ရေးစီမံကိန်း များပြုလုပ်နေကြောင်း၊ အမေရိကန် ထောက်ခံအားပေးသည့် အာဏာပိုင်များအတွက် လုပ်ငန်းလုပ်ကိုင်ပေးနေသည့် အီရတ်အရပ်သားများကို ပြောက်ကျားများက မကြာခဏပစ်မှတ်ထားပြီး တိုက်ခိုက်နေကြောင်း ရဲသတင်းရပ်ကွက်က ပြောကြားသည်။ ***အမ်အင်အေ၊ရိုက်တာ။***

အီရတ်နိုင်ငံ အာရစ်မြို့တွင် လုံခြုံရေးဆောင်ရွက်နေသော အမေရိကန် တပ်ဖွဲ့ဝင်များကို ဇူလိုင် ၂၇ရက်က တွေ့ရစဉ်။ *(ဓာတ်ပုံ-အင်တာနက်)*

ဘဂ္ဂဒက်မြောက်ပိုင်းတွင် ဗုံးပေါက်ကွဲ အမေရိကန်တပ်ဖွဲ့ဝင်တစ်ဦး သေဆုံး

ဘဂ္ဂဒက် ဇူလိုင် ၂၇

ဘဂ္ဂဒက်မြောက်ပိုင်း ဆမ်မာရာမြို့တွင် အမေရိကန်တပ်ဖွဲ့ လှည့်ကင်းအနီး လမ်းဘေးဗုံးတစ်လုံး တနင်္လာနေ့က ပေါက်ကွဲသဖြင့် အမေရိကန်တပ်ဖွဲ့ဝင်တစ်ဦး သေဆုံးခဲ့ကြောင်းဖြင့် အမေရိကန်စစ်ဘက်က အင်္ဂါနေ့တွင် ပြောကြားသည်။

အမေရိကန် တပ်ဖွဲ့ဝင်များသည် ဆာလာအက်ဒင်ပြည်နယ်ရှိ ဆမ်မာရာမြို့အနီး တိုက်ခိုက်ရေးလှည့်ကင်းတာဝန်ထမ်းဆောင်နေစဉ် လမ်းဘေးဗုံးပေါက်ကွဲမှုကြောင့် တပ်ဖွဲ့ဝင်တစ်ဦး ဇူလိုင် ၂၅ ရက်တွင် သေဆုံးသွားခဲ့သည်ဟု အမေရိကန်စစ်ဘက်က ထုတ်ပြန်သည့် ကြေညာချက်တွင် ဖော်ပြထားသည်။

၎င်းတပ်ဖွဲ့ဝင် သေဆုံးကြောင်း ၎င်း၏ဆွေမျိုးများထံ အကြောင်းကြားနေစဉ် ၎င်း၏နာမည်အား ထုတ်ဖော်ပြောကြားမှုမရှိဘဲ ရပ်ဆိုင်းထားသည်။

အဆိုပါကြေညာချက်တွင် အခြားသော အသေးစိတ် အချက်များကို ဖော်ပြထားခြင်းမရှိပေ။ သို့ရာတွင် စုံစမ်းစစ်ဆေးမှု စတင်ပြုလုပ်နေပြီဟု ဖော်ပြထားသည်။

အမေရိကန်တပ်ဖွဲ့ဝင်များ ဦးဆောင်၍ အီရတ်နိုင်ငံအတွင်း ၂၀၀၃ ခုနှစ် မတ်လက ကျူးကျော်တိုက်ခိုက်ပြီးနောက် အီရတ်တွင်သေဆုံးသည့် အမေရိကန်တပ်ဖွဲ့ဝင် ဦးရေသည် ၁၇၇၈ဦး ရှိပြီဖြစ်သည်။ ***အမ်အင်အေ၊ဆင်ဟွာ။***

အမေရိကန်တပ်ဖွဲ့ဝင်က တရုတ်အမျိုးသမီးကို ရိုက်နှက်ခဲ့မှု ကန်တရားရုံးတွင် သက်သေထွက်ဆိုရန် စီစဉ်

တီယန်ကျင်း ဇူလိုင် ၂၇

အမေရိကန်ရဲတပ်ဖွဲ့ဝင် ရောဘတ်ရတ်၏ နှိပ်စက်မှုခံခဲ့ရသူ တရုတ်နိုင်ငံသား စီးပွားရေးလုပ်ငန်းရှင် အမျိုးသမီး ဇောင်ယန်သည် အမေရိကန်ပြည်ထောင်စုသို့ သွားရောက်ကာ တရားရုံးတွင် ဩဂုတ် ၅ရက်၌ သက်သေထွက်ဆိုမည်ဖြစ်သည်။

တရားရုံးတွင်စစ်ဆေးမည့် အကြိုပြင်ဆင်မှုများ ပြီးစီးပြီဖြစ်ကြောင်း၊ ရဲတပ်ဖွဲ့ကလည်း အဓိကကျသည့် မျက်မြင်သက်သေတစ်ဦးကို တွေ့ရှိထားပြီဖြစ်ကြောင်း၊ ၎င်းမှာ တရုတ် နွယ်ဖွားအမေရိကန်နိုင်ငံသူတစ်ဦးဖြစ်ပြီး ဖော်ပြပါနေ့တွင်ပင် ရုံးတော်တွင် သက်သေခံထွက်ဆိုမည်ဖြစ်သည်ဟု တီယန်ကျင်း အခြေစိုက် မက်ထရို အိပ်စ်ပရက်စ် သတင်းစာက ရေးသားသည်။

၁၀ သန်းတောင်းဆို

ဇောင်ယန်က လျော်ကြေးငွေအဖြစ် အမေရိကန်ဒေါ်လာ ၁၀ သန်း တောင်းဆိုမည်ဖြစ်ပြီး အမေရိကန်ပြည်ထောင်စုသို့သွားသည့် ခရီးစဉ်နှင့် ပတ်သက်သည့် စရိတ်များကို အမေရိကန် အစိုးရက ကျခံရမည် ဖြစ်သည်။

ရိုက်နှက်ခဲ့

တီယန်ကျင်းမှ တရုတ် စီးပွားရေးလုပ်ငန်းရှင် အမျိုးသမီးတစ်ဦးဖြစ်သည့် ဇောင်ယန်သည် အမေရိကန် ပြည်ထောင်စုသို့ စီးပွားရေး လုပ်ငန်းအရ ပထမဆုံးခရီးစဉ်အဖြစ်သွားရောက်ခဲ့ရာ အမေရိကန် အကောက်ခွန်နှင့် နယ်စပ်ကာကွယ်ရေး ရဲတပ်ဖွဲ့ဝင် တစ်ဦးက အမေရိကန်-ကနေဒါနယ်စပ်ရှိ နိုင်ယာဂါရာ ရေတံခွန်တွင် လွန်ခဲ့သည့်နှစ် ဇူလိုင် ၂၁ ရက်က ရိုက်နှက်ခဲ့ခြင်းဖြစ်သည်။ ***အမ်အင်အေ၊ ဆင်ဟွာ။***

မိုးခေါင်မှုဒဏ် နိုင်ဂျာပြည်သူ သုံးသန်းကျော်ခံစားရ

ဒက္ကာဘာဘာ ဇူလိုင် ၂၇

နိုင်ဂျာနိုင်ငံတွင် မိုးခေါင်ခြင်းနှင့် ကျိုင်းကောင်များ ကျရောက်ခြင်းဒဏ်ကို ပြည်သူသုံးသန်းကျော် ခံစားခဲ့ရပြီး ကလေးများ အများဆုံးသေဆုံးခဲ့ရသည်ဟု အာဖရိကသမဂ္ဂ (အေယူ)က စနေနေ့တွင် ပြောကြားသည်။

ရေးသားဖော်ပြ

အာဖရိကတိုက်ရှိ နိုင်ဂျာနိုင်ငံတွင် မိုးခေါင်မှုနှင့် ငတ်မွတ်မှုကို ကူညီနိုင်ရန် အာဖရိက မိုးခေါင်ခြင်းနှင့် ငတ်မွတ်ခြင်း အထူးအရေးပေါ် ကူညီရေးအဖွဲ့၏ မူဝါဒကော်မတီမှတစ်ဆင့်အာဖရိကသမဂ္ဂက စီစဉ်ခဲ့ကြသည်ဟု ဥရောပသမဂ္ဂဌာနချုပ်မှ ထုတ်ပြန်ချက်ကို သတင်းစာက ရေးသားဖော်ပြသည်။

ညှိနှိုင်းထိန်းချုပ်

အာဖရိကတွင် ယခုဖြစ်ပေါ်နေသော အခြေအနေကို ညှိနှိုင်းထိန်းချုပ်ရမည်ဖြစ်ကြောင်း၊ ညှိနှိုင်းဆောင်ရွက်မှု မလုပ်နိုင်ပါက ပြဿနာကြီးထွားလာမည်ဖြစ်ကြောင်း ဖော်ပြထားသည်။

အမ်အင်အေ၊ ဆင်ဟွာ။

အိန္ဒိယရထားပေါ်၌ ပေါက်ကွဲမှုဖြစ်ပွား လူ နှစ်ဦးသေဆုံး ၂၀ခန့် ဒဏ်ရာရ

နယူးဒေလီ ဇူလိုင် ၂၈

အိန္ဒိယနိုင်ငံတောင်ပိုင်းတွင် ကြာသပတေးနေ့က ရထားတစ်စင်းပေါ်၌ ပေါက်ကွဲမှုဖြစ်ပွားရာ လူ နှစ်ဦးသေဆုံးပြီး ၂၀ ခန့် ဒဏ်ရာရရှိသွားသည်။

မသိရသေး

အဆိုပါရထားမှာ ပတ္တနာမှ နယူးဒေလီသို့ ခုတ်မောင်းသွားသော ရထားဖြစ်ပြီး ပေါက်ကွဲမှုဖြစ်ပွားရခြင်းအကြောင်းရင်းကို မသိရသေးဟု ဆိုသည်။

အမ်အင်အေ၊ရိုက်တာ။



ဝန်ကြီးပိုလ်မှူးချုပ်လွန်းသီ တတ်မြေသြဇာစက်ရုံတည်ဆောက်မည့်မြေနေရာ ကြည့်ရှု

ညောင်တုန်း ရေနံနှင့်သဘာဝဓာတ်ငွေ့မြေ တူးဖော်ထုတ်လုပ်မှုစစ်ဆေး

စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီ ဧရာဝတီတိုင်း ညောင်တုန်းရေနံနှင့်သဘာဝဓာတ်ငွေ့ မြေ တွင်းသစ်အမှတ်(၂၅) တွင်း တူးဖော်ပြီးစီးမှုနှင့် ထုတ်လုပ်နေမှုတို့ကို ကြည့်ရှုစစ်ဆေးစဉ်။(စွမ်းအင်)

ရန်ကုန် ဇူလိုင် ၂၈

စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီသည် တာဝန်ရှိသူများလိုက်ပါလျက် ဇူလိုင် ၂၆ရက် နံနက်ပိုင်းတွင် ဧရာဝတီတိုင်း ကျုံပျော်မြို့နယ်အစုကြီး ကျေးရွာအနီးရှိ ဓာတ်မြေသြဇာစက်ရုံ တည်ဆောက်မည့်မြေနေရာအား ကွင်းဆင်းကြည့်ရှုသည်။

ဆက်လက်၍ ဝန်ကြီးသည် ညောင်တုန်း ရေနံနှင့်သဘာဝဓာတ်ငွေ့ မြေသို့ ရောက်ရှိလာရာ ရေနံမြေ ရှင်းလင်းဆောင်၌ မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း အင်ဂျင်နီယာချုပ် (တူးဖော်ရေး) ဦးကံမြင့်ကြီးက အသစ်ထပ်မံ တူးဖော်ခဲ့သော ညောင်တုန်းတွင်းသစ် အမှတ်(၂၅)ကို အောင်မြင်စွာ တူးဖော်ဆောင်ရွက်ခဲ့မှုနှင့် လက်ရှိထုတ်လုပ်နေမှုတို့ကို လည်းကောင်း၊ ညွှန်ကြားရေးမှူး ဦးကျော်လှိုင်က ညောင်တုန်းဒေသ၏ ရေနံနှင့်သဘာဝဓာတ်ငွေ့ ထုတ်လုပ်နိုင်မည့်အလားအလာများကိုလည်းကောင်း၊ ဘူမိရူပဗေဒအရာရှိချုပ် ဦးမင်းဟန်က ဆိုက်စမစ် တိုင်းတာပြီးစီးမှုများကို လည်းကောင်း ရှင်းလင်းတင်ပြရာ ဦးဆောင်ညွှန်ကြားရေးမှူး ဦးစန်းလွင်က ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

ချမှတ်ပေး

ဝန်ကြီးက ညောင်တုန်းဒေသတွင် တွင်းသစ်များ ဆက်လက်တူးဖော်သွားနိုင်ရေး၊ ဘူမိအနေအထား ဆက်စပ်လျက်ရှိသည့် မအူပင်၊ ရေလဲကလေး၊ ဒေးဒရဲ ဒေသများတွင်လည်း တိုးချဲ့ ရှာဖွေ တူးဖော် သွားနိုင်ရေးတို့ကို မှာကြားပြီး တွင်းတူးစက်နေရာချထားမှုနှင့် ရေနံနှင့်သဘာဝဓာတ်ငွေ့အထွက် တိုးရေး ဆက်လက်ဆောင်ရွက်ရမည့် အစီအစဉ်များကို ချမှတ်ပေးသည်။

ပေးအပ်ချီးမြှင့်

ထို့နောက် ဝန်ကြီးက တွင်းတူးဖော်ရေးအောင်မြင်စွာ ဆောင်ရွက်ခဲ့ကြသည့် ဝန်ထမ်းများအား ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်သည်။ ဆက်လက်၍တွင်းသစ်အမှတ်(၂၅)သို့သွားရောက်ကာ တွင်းတူးဖော်ပြီးစီးမှုနှင့် ထုတ်လုပ်နေမှုများကို ကြည့်ရှုစစ်ဆေးသည်။ အဆိုပါ တွင်းသစ် အမှတ်(၂၅)မှ သဘာဝဓာတ်ငွေ့ ကုဗပေါ်သန်း ကျော်နှင့်လေဆီ (Condensate) ၂၄ စည်ခန့်ကို နေ့စဉ်ထုတ်လုပ်လျက်ရှိသည်။

ယခုအခါ ညောင်တုန်းရေနံနှင့် သဘာဝဓာတ်ငွေ့မြေတွင် တွင်းပေါင်း ၂၁တွင်းမှ သဘာဝဓာတ်ငွေ့ ကုဗပေ ၉၈သန်းကျော်နှင့် လေဆီ (Condensate) စည် ၈၀၀ခန့်ကို နေ့စဉ် ထုတ်လုပ်ပေးလျက်ရှိသည်။

(သတင်းစဉ်)

ပြင်သစ်နိုင်ငံပါရီမြို့ ထေရဝါဒဗုဒ္ဓသာသနာပြု မြန်မာကျောင်းတော်ကြီး ဖြစ်မြောက်ရေးအတွက် (၃၀)သြဘာလမ်း၊ ကျောက်မြောင်း၊ တာမွေနေ ကွယ်လွန်သူမိဘများ ဖြစ်ကြသော ဦးဘိုးမင်း၊ ဒေါ်ကြည်(မြင်းခြံ)တို့အား ရည်စူး၍ ဦးမြိုင်ကြီး၊ ဒေါ်အုန်းတင့်၊ ဦးအောင်သန်း၊ ဦးအောင်ဂျမ်း(ခ)ဦးမြင့်လွင်နှင့် ဒေါ်စိန်စိန်တို့က ငွေကျပ် ၁၅၀၀၀၀ ကို အဖွဲ့ဝင်ဦးမျိုးခင်ထံပေးအပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်

၂၉-၇-၂၀၀၅ (သောကြာနေ့)

နံနက်ပိုင်း

၇:၀၀ ၁။ **ကျေးဇူးရှင် မင်းကွန်းဆရာတော်ကြီး နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင်ချုပ်၊ အဘိဓဇမဟာရဋ္ဌဂုရု၊ အဘိဓဇ အဂ္ဂမဟာ သဒ္ဓမ္မ ဇောတိက၊ တိပိဋကဓရ၊ ဓမ္မဘဏ္ဍာဂါရိက၊ ဆရာတော် ဘဒ္ဒန္တ ဝိစိတ္တသာရာဘိဝံသ၏ ပရိတ်တရားတော်**
၇:၂၅ ၂။ ကျန်းမာဖို့ အတူကစားစို့
၇:၃၀ ၃။ နံနက်ခင်းသတင်း
၇:၄၀ ၄။ သံသာချိုအေးမင်္ဂလာတေး
၇:၅၅ ၅။ အတီးပြိုင်ပွဲ
၈:၀၀ ၆။ ကြေးမုံရိပ်သွင်တေးနုယဉ်
၈:၂၀ ၇။ စွန်ချောင်းရေလှောင်တမံ
၈:၃၀ ၈။ International News.
၈:၄၅ ၉။ English for Everyday Use.
၉:၀၀ ၁၀။ အစီအစဉ်ပြီး၏။

ညပိုင်း

၄:၀၀ ၁။ စစ်ချီတေး၊စစ်သည်တေး
၄:၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
၄:၃၀ ၃။ Practice in Reading.
၄:၄၅ ၄။ တေးဂီတအစီအစဉ်
၅:၀၀ ၅။ အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ
– တတိယနှစ်
(ဓာတုဗေဒအထူးပြု)
(ဓာတုဗေဒ)
၅:၁၅ ၆။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာတေးသံသာ
၅:၃၀ ၇။ လက်ဆင့်ကမ်းအမွေ
၅:၃၅ ၈။ **“သစ်ကောင်းတစ်ပင်” (နဒီစိုး၊ ပြည့်စုံရှင်၊ ကျော်မျိုးဟိန်း၊ မိုးယံထက်၊ ရန်ပိုင်စိုး၊ မောင်ဂဠုန်) [ဒါရိုက်တာ – မိုးထက်လူ (သစ်တော)]**
၅:၅၀ ၉။ တေးဂီတအစီအစဉ်
၆:၀၀ ၁၀။ သုတစုံလင်ရွှေညဏ်ရှင်
၆:၃၀ ၁၁။ ညနေခင်းသတင်း
၇:၀၀ ၁၂။ မိုးလေဝသအခြေအနေ
၇:၀၅ ၁၃။ **နိုင်ငံခြားဇာတ်လမ်းတွဲ “ချစ်ဝက်ပါ” (အပိုင်း–၄)**
၇:၃၅ ၁၄။ နှောင်းခေတ်တေးပဒေသာ
၇:၄၅ ၁၅။ **(၂၃)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲအတွက် ပြင်ဆင်ကြိုးစား စစ်တုရင်အားကစား**
၈:၀၀ ၁၆။ ပြည်တွင်းသတင်း
၁၇။ နိုင်ငံတကာသတင်းများ
၁၈။ မိုးလေဝသအခြေအနေ
၁၉။ **နိုင်ငံခြားဇာတ်လမ်းတွဲ “ချစ်မိတ်ဆွေ” (အပိုင်း–၈)**
၂၀။ နောက်တစ်နေ့အစီအစဉ်
၂၁။ အစီအစဉ်ပြီး၏။

သုံးမျိုးစုံအားကစားပြိုင်ပွဲ လူရွေးပွဲ ကျင်းပမည်

ရန်ကုန် ဇူလိုင် ၂၈

(၂၃)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲကို ဝင်ရောက်ယှဉ်ပြိုင်နိုင်ရန်အတွက် သုံးမျိုးစုံ **(Trithlon)** အားကစားပြိုင်ပွဲ လူရွေးပွဲကို မြန်မာနိုင်ငံ စက်ဘီးအဖွဲ့ချုပ်၊ မြန်မာနိုင်ငံရေကူးအဖွဲ့ချုပ်နှင့် မြန်မာနိုင်ငံပြေးခုန်ပစ်အဖွဲ့ချုပ်တို့ပူးပေါင်း၍ သြဂုတ် ၅ရက် နံနက် ၇နာရီတွင် ကန်တော်ကြီး၌ ကျင်းပမည်ဖြစ်သည်။

အဆိုပါသုံးမျိုးစုံ အားကစားပြိုင်ပွဲတွင် မီတာ ၁၅၀၀ရေကူး၊ ကီလိုမီတာ ၄၀ စက်ဘီးစီးနှင့် ၁၀ ကီလိုမီတာ အပြေးပြိုင်ပွဲတို့ပါဝင်ပြီးတစ်ဆက်တည်း ယှဉ်ပြိုင်ရမည်ဖြစ်သည်။ ပြိုင်ပွဲကို အပြည်ပြည်ဆိုင်ရာ ပြိုင်ပွဲစည်းမျဉ်းများနှင့်အညီကျင်းပမည်ဖြစ်ပြီး အားကစားသမားများမှာ မိမိကိုယ်ပိုင် ပြိုင်စက်ဘီး ဂီယာပါရှိသောဘီး(၂၇လက်မ x ၂၀ လက်မ) အမျိုးအစားဖြင့် ယှဉ်ပြိုင်ကြရမည်ဖြစ်သည်။ မီတာ ၁၅၀၀ ရေကူးပြိုင်ပွဲကို ကန်တော်ကြီး ရေကူးကန်တွင် ကျင်းပမည်။ ကီလိုမီတာ ၄၀စက်ဘီးပြိုင်ပွဲကို ကန်တော်ကြီးပတ်လမ်းမှ တာထွက်ပြီး သတ်မှတ်လမ်းကြောင်းအတိုင်း စီးနင်းပြီး နဝဒေးရုပ်ရှင်ရုံရှေ့တွင် လည်းကောင်း၊ ၁၀ ကီလိုမီတာ အပြေးပြိုင်ပွဲကို နဝဒေးရုပ်ရှင်ရုံရှေ့မှ တာထွက်ကာ ကမ္ဘာအေးဘုရားလမ်းအတိုင်း ကန်တော်ကြီး ဥယျာဉ် ဝင်ပေါက်မုတစ်ဆင့် ကရဝိက်ခန်းမရှေ့တွင်လည်းကောင်း ပန်းဝင်မည်ဖြစ်သည်။

ပြိုင်ပွဲတွင် ပထမဆုကျပ် ၁၀သိန်း၊ ဒုတိယဆု ကျပ်ခုနစ်သိန်း၊ တတိယဆု ကျပ်ငါးသိန်း၊ စတုတ္ထဆု ကျပ်သုံးသိန်း၊ ပဉ္စမဆု ကျပ်နှစ်သိန်းနှင့် ဆဋ္ဌမဆုမှ ဒသမဆုအထိ ကျပ်တစ်သိန်းစီ ချီးမြှင့်မည်ဖြစ်သည်။ ပြိုင်ပွဲကို မြန်မာနိုင်ငံ စက်ဘီးအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးကျော်ဝင်း (ရွှေသံလွင်)က ပြိုင်ပွဲ၏ ကုန်ကျစရိတ်များကို တာဝန်ယူကျင်းပခြင်းဖြစ်သည်။

ပြိုင်ပွဲနှင့်ပတ်သက်၍ အသေးစိတ်သိရှိလိုပါက ဦးဝိစာရလမ်း၊ အမျိုးသားရေကူးကန်ရှိ မြန်မာနိုင်ငံ ရေကူးအဖွဲ့ချုပ် ဖုန်း–၃၇၈၅၅၀သို့ ဆက်သွယ်မေးမြန်းနိုင် ကြောင်းသိရသည်။

(ကြေးမုံ)

ဇူလိုင် ၁၇ရက်က ဒဂုံမြို့သစ်(တောင် ပိုင်း) မြို့နယ် စက်မှုဇုန်(၃) တိုးချဲ့၏ ဆိုင်းဘုတ်တင်ပွဲ အခမ်း အနားကို တိုးချဲ့မြေနေရာသစ်တွင် ကျင်းပရာ စက်မှုဇုန်(၃) စီ မံ ခန့် ခွဲ ရေး ကော်မတီ ဥက္ကဋ္ဌ ဦး အောင် ကြည် နှင့် အတွင်းရေးမှူး ဦးသောင်းရွှေ၊ ဇုန်(၃) ကော်မတီ အ ဖွဲ့ ဝင် များ၊ သာ–ယာ စည်း ကမ်း ကော်မတီ ဝင်များက ဆိုင်းဘုတ်ကို စိုက်ထူကြစဉ်။

(ပြန်/ဆက်)

ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်း

ရန်ကုန် ဇူလိုင် ၂၈

ရန်ကုန်တိုင်း ဗိုလ်တထောင်မြို့နယ် ဘိုကလေးဈေးလမ်းနေ ကွယ်လွန်သူ မိခင်ကြီး ဒေါ်လုလုသန်း(ခ)ကြီးကြီးမေအားရည်စူး၍ သား ဦးကျော်ကျော်မင်းနှင့် ဇနီးဒေါ်နီလာ(ခ)ဒေါ်အာရှားတို့က ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းပွဲကို ဇူလိုင် ၂၇ရက်က ပုဇွန်တောင်မြို့နယ် မြသိန်းတန်ကျောင်းတိုက်၌ ကျင်းပသည်။

အလှူရှင်များက မြသိန်းတန်ကျောင်းတိုက် နာယကဆရာတော်များနှင့် စာချစာသင် သံဃာတော် ၈၇ပါးတို့အား သင်္ကန်းဒွိစုံ ၈၇စုံနှင့် ဆွမ်းဆက်ကပ်လှူဒါန်းပြီး ပဓာန နာယကဆရာတော် ဘဒ္ဒန္တ ကောသရထံမှ အနုမောဒနာ တရားနာယူကြသည်။

(က–ပ)

တံတားပြုပြင်မွမ်းမံရေးအလှူငွေပေးအပ်ပွဲနှင့် ကျေးလက်ဆေးပေးခန်း ပန္နက်တင်ပွဲကျင်းပ

ရန်ကုန် ဇူလိုင် ၂၈

ကရင်ပြည်နယ် ဘားအံမြို့နယ် လက္ခဏ–ကော့ကသောင် ကျေးရွာချင်းဆက် ချောင်းကူး(နော်ရင်မွေး) တံတား ပြန်လည်ပြုပြင်မွမ်းမံရေး ပထမအကြိမ် အလှူငွေပေးအပ်ပွဲ၊ ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းပွဲနှင့် ကျေးလက်ဆေးပေးခန်း အဆောက်အအုံ ပန္နက်တင်ပွဲကို ဇူလိုင် ၂၆ရက်တွင် လက္ခဏကျေးရွာ ဘုန်းတော်ကြီးကျောင်း၌ ကျင်းပရာ ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် စံပြသာသနာပြုကျောင်းတိုက် ဆရာတော် မဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တ ကောသလ္လနှင့် ပင့်သံဃာတော်များ၊ ဘားအံမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးတင်မောင်ဝင်းနှင့် အလှူရှင်များ တက်ရောက်ကြသည်။

အခမ်းအနားကို နမောတဿ သုံးကြိမ်ရွတ်ဆို ဘုရားကန်တော့ဖွင့်လှစ်၍ စံပြသာသနာပြု ဆရာတော်ထံမှ ပရိသတ်များက ငါးပါးသီလ ခံယူ

ဆောက်တည်ကြပြီး ပင့်သံဃာတော် ၂၂ပါးတို့အား ဝါဆိုသင်္ကန်း ဆက်ကပ်ကြသည်။

ထို့နောက် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌက အမှာစကားပြောကြားကာ အလှူငွေပေးအပ်ပွဲ ဆက်လက်ကျင်းပ၍ **(အပေါ်ပုံ)** တံတားပြန်လည်ပြုပြင်ရေး အဖွဲ့ဥက္ကဋ္ဌကိုယ်စား ဦးစောမောင်ထွန်းက ကျေးဇူးတင်စကားပြောကြားသည်။

စတင်ဆောင်ရွက်မည်

အလှူငွေ ပေးအပ်ပွဲတွင် လက္ခဏကျေးရွာနှင့် ပတ်ဝန်းကျင်ကျေးရွာ အသီးသီးမှ အလှူရှင် ၁၀၅ဦးတို့က စုစုပေါင်း အလှူငွေကျပ် ၃၇၀၂၅၀၀ လှူဒါန်းကြကြောင်းနှင့် တံတားပြုပြင်တည်ဆောက်မှုကို ရေကျချိန်လာမည့် အောက်တိုဘာလတွင် စတင်ဆောင်ရွက်သွားမည်ဖြစ်သည်။

(သတင်းစဉ်)

ကျန်းမာသန့်ရှင်းပြည့်ဝသော နိုင်ငံတော်အဖြစ်သို့

ဒေါက်တာခွန်စိုးမိုး

ကျန်းမာရေးဝန်ကြီးဌာနသည် ပြည်သူတို့၏ ကျန်းမာရေးကို စောင့်ရှောက်မှုပေးရသည်။ တာဝန်ခံရသည်။ ကျန်းမာရေးအတွက် လိုအပ်သမျှငွေကို နိုင်ငံတော်မှ ငွေလုံးငွေရင်းစိုက်ပြီး သုံးစွဲနေရသည်။ သို့ရာတွင် ယခုအခါ ရင်းနှီးမြှုပ်နှံနေကြသည်ဟု သုံးနှုန်းလာကြသည်။ ရင်းနှီးမြှုပ်နှံမှုများတွင် ကျန်းမာရေးအတွက် ရင်းနှီးမြှုပ်နှံမှုသည် အကျိုးအမြတ်အများဆုံးဟု ပြောဆိုလာကြပြီဖြစ်သည်။

နိုင်ငံ၏တိုးတက်မှုကို တိုင်းတာရာတွင် တစ်ဦးချင်းဝင်ငွေဖြင့် နှိုင်းယှဉ်ကြသည်။ တစ်ဦးချင်းဝင်ငွေများသော နိုင်ငံများသည် ပညာတတ်ပေါများခြင်း၊ နိုင်ငံသားများ ကျန်းမာကြပြီး အားသွန်ခွန်စိုက်လုပ်ကိုင်နိုင်ခြင်းကြောင့် ဖြစ်သည်ကို တွေ့ရှိကြသည်။ နိုင်ငံသားများ ကျန်းမာရေးပြည့်စုံသဖြင့် ပိုမိုကျန်းမာစေရန်နှင့် ကျန်းမာရေးချို့တဲ့မှု မဖြစ်စေရန် စောင့်ရှောက်ရသော မပြောပလောက်သည့် စရိတ်သာ ကုန်ကျရတော့သည်။ သို့ကြောင့်ပင် ကျန်းမာရေးအတွက် ရင်းနှီးမြှုပ်နှံမှုသည် အကျိုးအမြတ်အများဆုံးဟု ပြောဆိုနေကြခြင်းဖြစ်သည်။

ကျန်းမာရေးဝန်ကြီးဌာနသည် နိုင်ငံသူ၊ နိုင်ငံသားအားလုံး၏ ကျန်းမာရေး စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်စေရန် (sustainable health) အတွက် အခြားဌာနအဖွဲ့အစည်းများ၏ ပူးပေါင်းဆောင်ရွက်မှု များစွာလိုအပ်ပါသည်။ ယင်းသို့ ပူးပေါင်းဆောင်ရွက်ရာတွင် နှစ်ဦးနှစ်ဖက် အကျိုးရှိပြီး နှောင်ကြိုးမဲ့ဖြစ်ပါက တစ်ဦးချင်းဖြစ်ဖြစ်၊ အဖွဲ့အစည်းဖြစ်ဖြစ် လိုအပ်နေသည်သာဖြစ်သည်။ နိုင်ငံတော်၏ ကျန်းမာရေးမြင့်မားလာစေရန် ကျန်းမာရေးဝန်ကြီးဌာနသည် တာဝန်ခံဖြစ်သော်လည်း အခြားသောဝန်ကြီးဌာနများ၊ အမျိုးသမီးရေးရာအဖွဲ့အစည်းများ၊ လူငယ်အဖွဲ့အစည်းများ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများ၊ ဘာသာရေးအဖွဲ့အစည်းများ၊ လူထုလူတန်းစား အဖွဲ့အစည်းများနှင့် လူမှုရေးအဖွဲ့အစည်းများ၊ နိုင်ငံတကာအဖွဲ့အစည်းများ အားလုံး ပူးပေါင်းဆောင်ရွက်ရပါမည်။

ယင်းသို့ ပူးပေါင်းဆောင်ရွက်ရာတွင် မြန်မာနိုင်ငံကျန်းမာရေးဝန်ကြီးဌာနသည် နိုင်ငံတကာအစိုးရမဟုတ်သော အဖွဲ့အစည်း ၂၇ခုနှင့် နိုင်ငံတွင်း အစိုးရမဟုတ်သော အဖွဲ့အစည်းကိုးခုတို့နှင့် ပူးပေါင်းလက်တွဲလျက် ကျန်းမာ ခြင်းပြည့်ဝသော နိုင်ငံတော် (healthy country) ဖြစ်ရန် ကြိုးပမ်းလျက်ရှိသည်။ ဤသို့ ပူးပေါင်းဆောင်ရွက်နိုင်ရန် အမျိုးသားကျန်းမာရေးကော်မတီကို နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဦးဆောင်ပြီး ဖွဲ့စည်း၍ ကြီးကြပ်ကွပ်ကဲခြင်း၊ လမ်းညွှန်မှုပေးခြင်း၊ ပံ့ပိုးခြင်းများ ပြုလုပ်ပေးပါသည်။ ဤသို့ဆောင်ရွက်ရာတွင် အဘယ်ကြောင့် ဆောင်ရွက်ရသည်ကို ရှင်းရှင်းလင်းလင်း နားလည်သိမြင်ရန် လိုအပ်ပါသည်။

၁။ ပူးပေါင်းဆောင်ရွက်ခြင်းကြောင့် ထူးခြားကောင်းမွန်သော ကျန်းမာခြင်းကို ရရှိစေပြီး ထိုအောင်မြင်မှုကို တည်တံ့အောင် ထိန်းသိမ်းထားနိုင်ပါသည်။

၂။ နှစ်ဦးနှစ်ဖက်ပြဿနာကို ဖြေရှင်းရာတွင် အမြင်ချင်းဖလှယ်ပြီး ရလဒ်ပေါ်တွင် မျှဝေခံစား လိုခြင်းရှိရမည်။

၃။ တစ်ဦးနှင့်တစ်ဦး ယုံကြည်မှု၊လေးစားမှုဖြင့် တစ်ဦး၏အားသာချက်ကိုယူပြီး အားနည်းချက်ကို ဖြည့်ဆည်းပေးတတ်ရမည်။ ဤသို့ဖြင့် ပူးပေါင်းလုပ်ဆောင်မှု၏ ရလဒ်ပေါ်တွင် ကောင်းကျိုး၊ ဆိုးကျိုး မျှဝေခံစားနိုင်ရမည်။ လုပ်ဆောင်မှုတိုင်းသည် သာတူညီမျှစနစ်ဖြစ်ရမည်။ ဤသို့ဖြင့် ပေါင်းစည်းစွမ်းအား (synergy) **ကို ရရှိစေမည်ဖြစ်သည်။**

ဆောင်ရွက်သည့်နည်းလမ်းများမှာလည်း တစ်ဦးကိုတစ်ဦး ထောက်ခံပြောဆိုခြင်း (advocacy)၊ ပညာပေးခြင်း၊ အတိုင်ပင်ခံအဖြစ် ဆောင်ရွက်ခြင်း၊ ဆွေးနွေးပွဲများပြုလုပ်ခြင်း၊ ပူးပေါင်းအကြံထုတ်ခြင်းနှင့် လုပ်ဆောင်ခြင်းများ ပါဝင်ပါသည်။

နိုင်ငံတော်အစိုးရသည် ပညာရှင်များ၏ကဏ္ဍကို အလေးထားလျက် မြန်မာနိုင်ငံဆေးပညာ ရှင်များအဖွဲ့ (Myanmar Academy of Medical Sciences) ကို ဖွဲ့စည်းစေခဲ့ပါသည်။ ထိုအထဲတွင် ဝန်ထမ်းပညာရှင်ကြီးများသာမက အငြိမ်းစား ပညာရှင်ဆရာဝန်ကြီးများလည်း ပါဝင်သည်ဖြစ်ရာ နိုင်ငံတော်၏ ကျန်းမာရေးကဏ္ဍကိုများစွာ အထောက်အကူဖြစ်စေပါသည်။ အဓိကရည်ရွယ်ချက်မှာ ကျန်းမာရေးဝန်ဆောင်မှုနှင့် သုတေသနပြုမှုတို့ကို အားသစ်လောင်းပေးရန်နှင့် ကျန်းမာရေးလုပ်သား အင်အားမွေးထုတ်မှုနှင့် စဉ်ဆက်မပြတ် အသိပညာပေးဝေမှုတို့တွင် နိုင်ငံတကာစံနှုန်းနှင့်အမီ ရှိစေရန်တို့ဖြစ်ပါသည်။

ဆေးဝါးနှင့်ဆေးရုံသုံး ပစ္စည်းကိရိယာများ၏ အရေးကြီးသော အခန်းကဏ္ဍကို အသိအမှတ်ပြုသည့်အနေနှင့် မြန်မာနိုင်ငံဆေးဝါးနှင့် ဆေးရုံသုံးပစ္စည်း ရောင်းဝယ်ဖောက်ကားမှုအသင်းကို ၁၉၉၉ခုနှစ်တွင် ဖွဲ့စည်း တည်ထောင်ပေးခဲ့ပါသည်။ ဤအသင်းပေါ်ပေါက်လာခြင်းကြောင့် နိုင်ငံတော်၏ကျန်းမာရေးဆိုင်ရာလုပ်ငန်းတွင် လိုအပ်သည့်ပစ္စည်းများကိုသာ တင်သွင်းခြင်း၊ ဖြန့်ချိခြင်းဖြင့် အမျိုးသားဆေးဝါးဆိုင်ရာဥပဒေကို လေးစားလိုက်နာကြရသည်။

ယခုအခါ ပဏာမကျန်းမာရေး စောင့်ရှောက်မှု၊ ယင်လုံအိမ်သာစီမံချက်၊ ရေကောင်းရေသန့်ရရှိရေး၊ ကျေးရွာချင်းဆက် လမ်းဖောက်လုပ်ရေး စသည်များကို ဌာနဆိုင်ရာအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ခဲ့ခြင်းကြောင့် ကျေးလက်ဒေသ ကျန်းမာရေးတိုးတက်ရရှိနေပြီဖြစ်သည်။ သို့ရာတွင် လုပ်ဆောင်စရာများ အများအပြား ကျန်ရှိနေသေးသည်။ စိုက်ပျိုးရေးတွင် ရေရရှိမှုကြောင့် တိုးတက်ဖြစ်ထွန်းလာသော်လည်း စိတ်ချရသော အစားအစာရရှိမှုနှင့် စိုက်ပျိုးရေးလုပ်သားများ၏ ကျန်းမာရေးအတွက် လုပ်ဆောင်စရာများ ကျန်ရှိနေသည်။ ပိုးသတ်ဆေးသုံးစွဲမှု စနစ်တကျမရှိလျှင် အစားအစာများ စားသုံးရန်မသင့်သကဲ့သို့ ကိုင်တွယ်သော လုပ်သားများအတွက်လည်း အန္တရာယ်ရှိနိုင်ပေသည်။ ပိုးသတ်ဆေးကိုင်တွယ်မှု စနစ်တကျဖြစ်စေရန် စိုက်ပျိုးရေးဌာနနှင့် လက်တွဲပြီးသင်တန်းပေးခြင်းများ ဆောင်ရွက်နေပေသည်။ ကျန်းမာရေးဌာနမှလည်း အစားအစာနှင့် ဆေးဝါးကြီးကြပ်ထိန်းသိမ်းရေးဌာနဖွင့်လှစ်ပြီး အမြဲတစေစစ်ဆေးမှု ပြုလျက်ရှိသည်။ နိုင်ငံတော်အကြီးအကဲ၏ အမြော်အမြင် ကြီးမားမှုဖြင့် အဆိပ်သင့်ဌာနကို ရန်ကုန်နှင့် မန္တလေးမြို့တို့တွင်ဖွင့်လှစ်ပြီး အဆိပ်သင့်သူ ရှိ၊ မရှိ စောင့်ကြပ်ကြည့်ရှုထောက်လှမ်းလျက်ရှိပြီးရှိခဲ့လျှင် ကုသပေးနိုင်ရန်အထိပါ စီစဉ်ထားပြီးဖြစ်သည်။ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ နယ်စပ်ဒေသနှင့် တိုင်းရင်းသား လူမျိုးများဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာနတို့သည် ကျန်းမာရေးဝန်ကြီးဌာနနှင့် ပူးပေါင်း၍ ရေကောင်းရေသန့်ရရှိရေးအတွက် အားသွန်ခွန်စိုက် ကြိုးပမ်းခဲ့သည်။ ဤသို့ဖြင့် ရေမသန့်ရှင်းမှုကြောင့် ရရှိနိုင်သည့် ဝမ်းလျှောဝမ်းပျက်ရောဂါများ၊ အရေပြားရောဂါများ၊ မျက်ခမ်းစပ်ရောဂါများ လျော့နည်းသွားခဲ့ပြီး ကျန်းမာရေး အသုံးစရိတ်ကို အခြားလိုအပ်သည့် ရောဂါတိုက်ဖျက်ရေးအတွက် ပိုမိုသုံးစွဲနိုင်ခဲ့သည်။ ကျန်းမာသန်စွမ်းသော လုပ်သားအင်အားကို ရရှိနိုင်ခြင်းကြောင့် ကုန်ထုတ်လုပ်မှု တိုးတက်စေနိုင်သည်။

ယနေ့ခေတ်တွင် သတင်းအချက်အလက် လျင်မြန်မှုသည် ရောဂါကာကွယ်တားဆီးမှု၌ အဓိကသွေးကြော ဖြစ်သည်။ ကျန်းမာရေးဌာနအားလုံး ဆက်သွယ်မှု ကောင်းမွန်အောင် ဆောင်ရွက်လျက် အချိန်နှင့် တစ်ပြေးညီ သတင်းအချက်အလက်များ ရရှိပြီး စောင့်ကြပ်ကြည့်ရှုထောက်လှမ်းမှု ပြုနိုင်ခြင်း၊ လူနာလွှဲပြောင်းခြင်း၊ သက်ဆိုင်ရာ ဆေး ဝန်ထမ်းများ လိုအပ်သည့်နေရာသို့ အလျင်အမြန်ပို့ နိုင်ခြင်းတို့ကို ဖော်ဆောင်ပေးလျက်ရှိသည်။ ကျန်းမာရေးဌာနများသို့ ပြည်သူများ လွယ်လင့်တကူ သွားလာရောက်ရှိနိုင်စေရန်နှင့် ယာဉ်အန္တရာယ် ကင်းဝေးစေရန်အတွက် သက်ဆိုင်ရာဝန်ကြီးဌာနနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိသည်။

ပြန်ကြားရေးဝန်ကြီးဌာနနှင့်လည်း ကျန်းမာရေးဝန်ကြီးဌာနက ပူးပေါင်း ဆောင်ရွက်လျက်ရှိသည်။ ပြန်ကြားရေးဝန်ကြီးဌာန၏ ပူးပေါင်းဆောင်ရွက်မှုကြောင့် ကျန်းမာရေးဆိုင်ရာ သတင်းအချက်အလက်များကို အချိန်နှင့်တစ်ပြေးညီ သိရှိနိုင်ပြီး ကြိုတင်ကာကွယ်နိုင်လျက်ရှိသည်။ ကျန်းမာရေးဆိုင်ရာ ပညာပေးဇာတ်လမ်းများကို ထုတ်လွှင့်ပြီး ပြည်သူလူထုအတွင်း ကျန်းမာရေးအသိပညာကို လျင်မြန်နက်ရှိုင်းစွာ ထိုးဖောက်ရောက်ရှိစေပါသည်။ ယနေ့ခေတ်သည် မီဒီယာများထွန်းကားသောခေတ် ဖြစ်သည်နှင့်အညီ ကျန်းမာရေး ပညာပေးအစီအစဉ်များကို ပြန်ကြားရေးဝန်ကြီးဌာနနှင့် ပူးပေါင်း၍ စဉ်ဆက်မပြတ် တင်ဆက်ပေးလျက်ရှိသည်။ ထို့ပြင် ကာလဒေသအလိုက် ဖြစ်ပေါ်တတ်သောရောဂါများကို ပြည်သူများထံ အချိန်နှင့်တစ်ပြေးညီ အသိပေး တင်ပြနေပေသည်။ ယာဉ်အန္တရာယ်ကင်းရှင်းရေး၊ ပိုးသတ်ဆေး စနစ်တကျသုံးစွဲရေးများတို့ကိုလည်း ပြန်ကြားရေးဝန်ကြီးဌာနနှင့် ပူးပေါင်း၍ ဆောင်ရွက်လျက်ရှိသည်။

နိုင်ငံသားအားလုံး ကျန်းမာကြံ့ခိုင်ရေးအတွက် လူတိုင်း ကျန်းမာရေးအသိပညာရှိဖို့ လိုအပ်သည်။ လူငယ် လူရွယ်ဘဝကတည်းက ကျန်းမာရေးအခြေခံပညာများကို သင်ကြားပေးဖို့ လိုသည်။ အိမ်ရှင်မများဖြစ်ကြသည့် အမျိုးသမီးထု၏ ကျန်းမာရေးနှင့် အာဟာရပြုပြင်ခြင်းများကို ကျောင်းကျန်းမာရေး သင်ခန်းစာများဖြင့် အစပျိုးပေးလျက်ရှိသည်။

သတ္တုတွင်းဝန်ကြီးဌာနကလည်း လိုအပ်သော အိုင်အိုဒင်းဖြည့်စွက် အိမ်သုံးဆားကို ထုတ်လုပ်ဖြန့်ဖြူးပေးလျက်ရှိသည်။ ဤသို့ဖြင့် အိုင်အိုဒင်းချို့တဲ့၍ လူစဉ်မမီသောဝေဒနာရှင်များ ပပျောက်လာပြီး နိုင်ငံတော်၏ နိုင်ငံခြားငွေယိုပေါက်ကို ပိတ်နိုင်ခဲ့ပေသည်။

နိုင်ငံသားအားလုံး ကျန်းမာကြံ့ခိုင်ရေးအတွက် လူတိုင်း ကျန်းမာရေးအသိပညာရှိဖို့ လိုအပ်သည်။ လူငယ် လူရွယ်ဘဝကတည်းက ကျန်းမာရေး အခြေခံပညာများကို သင်ကြားပေးဖို့လိုသည်။ အိမ်ရှင်မများဖြစ်ကြသည့် အမျိုးသမီးထု၏ ကျန်းမာရေးနှင့်အာဟာရပြုပြင်ခြင်းများကို ကျောင်းကျန်းမာရေးသင်ခန်းစာများဖြင့် အစပျိုးပေးလျက်ရှိသည်။ စာမတတ်သူပပျောက်ရေးသည်လည်း အရေးကြီးသောကဏ္ဍမှ ပါဝင်နေသည်။ ပညာရေးဝန်ကြီးဌာနသည် အခြေခံကျောင်းများ၏ သင်ရိုးညွှန်းတမ်းတွင် ကျန်းမာရေးသင်ခန်းစာများ ထည့်သွင်းပို့ချခြင်း၊ ကျောင်းဝင်းအတွင်း ဆေးရွက်ကြီး ကင်းစင်နယ်မြေအဖြစ် ပူးပေါင်းလုပ်ဆောင်ခြင်း၊ ရေသန့်ရရှိရေးနှင့် ယင်လုံအိမ်သာ တည်ဆောက်ခြင်းဖြင့် ကျန်းမာရေးနှင့်ညီညွတ်သော ကျောင်းပတ်ဝန်းကျင်ဖြစ်ပေါ်စေရေးတို့ကို ပူးပေါင်းအကောင်အထည်ဖော်လျက်ရှိသည်။

ယူနီဆက်အဖွဲ့အစည်း၏ ပံ့ပိုးကူညီမှု၊ ကျန်းမာရေးဝန်ကြီးဌာန၏ နည်းပညာပံ့ပိုးမှုဖြင့် ပညာရေးဝန်ကြီးဌာနသည် ကျောင်းအခြေပြုကျန်းမာစွာ နေထိုင်နည်းနှင့် အေအိုင်ဒီအက်စ်ခေါ် ခုခံအားကျဆင်းမှုရောဂါကာကွယ်ရေး ပညာပေးအစီအစဉ် School Based Healthy Living and AIDS Prevention Education (SHAPE) ကို မြို့နယ်ပေါင်း ၅၀၊ ကျောင်းပေါင်း လေးထောင်ကျော်တွင် လေးတန်းမှ ကိုးတန်းအထိ ကျောင်းသူ၊ ကျောင်းသားများအား သင်ရိုးညွှန်းတမ်းဖြင့် သင်ကြားပေးလျက်ရှိသည်။

ပတ်ဝန်းကျင်သန့်ရှင်းရေး၊ ရေစီးရေလာ ကောင်းမွန်ရေးကို ပြည်သူနှင့် စည်ပင်သာယာရေးဝန်ထမ်းများ ပူးပေါင်းလုပ်ဆောင်နေပါသည်။ မော်တော်ကားအိတ်ဇောငွေ့များ၊ အမှိုက်ကိုမီးရှို့ခြင်းများမှာ လေထုညစ်ညမ်းစေသကဲ့သို့ ကားပေါ်မှ အမှိုက်ပစ်ချခြင်း၊ ရေမြောင်းထဲ အမှိုက်သွန်ချခြင်းများသည် နိုင်ငံကြီးသားပီသသော လုပ်ရပ်မဟုတ်ချေ။ လိုက်နာမှု မရှိကြသောအခါ တရားဥပဒေအရ အရေးယူ ဆောင်ရွက်မှုများ လုပ်ဆောင်ရပြန်သည်။

နိုင်ငံတစ်ဝန်းလုံးရှိ စက်ရုံအလုပ်ရုံ အလုပ်သမားများအတွက် ကျန်းမာသောပတ်ဝန်းကျင် ဖြစ်ပေါ်စေရေး၊ ရေထုလေထုညစ်ညမ်းမှု မဖြစ်စေရေးနှင့် ထိခိုက်အန္တရာယ် ကာကွယ်ရေးများအတွက် ကျန်းမာရေးဌာနသည် သက်ဆိုင်ရာဌာနများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိပါသည်။

တိုင်းပြည်တိုးတက်ရေးတွင် ကျန်းမာခြင်းကို ဗဟိုပြုရန်နှင့် စီးပွားရေးစီမံကိန်းများ ချမှတ်ရာတွင် ဝင်ငွေနည်းလုပ်သားများ၏ ကျန်းမာရေးကို အထူးဂရုပြုရန် စဉ်းစားပေးရပါသည်။ ကျန်းမာရေးအသုံးစရိတ်အများစုကို နိုင်ငံတော်ကကျခံသုံးစွဲခဲ့ပြီး လူမှုဖူလုံရေး၊ ပုဂ္ဂလိကနှင့် လူထုလူတန်းစား စေတနာရှင်များ၏ လှူဒါန်းငွေများဖြင့်လည်း အားဖြည့်ဆောင်ရွက်လျက်ရှိသည်။ နိုင်ငံတကာမှ နှောင်ကြိုးမဲ့ အလှူငွေများဖြင့်လည်း ကျန်းမာရေး မြှင့်တင်ခြင်းစီမံချက်များ ဖော်ဆောင်လျက်ရှိသည်။ သတ္တုတွင်းဝန်ကြီးဌာန၊ ရထားပို့ဆောင်ရေးဝန်ကြီးဌာန၊ ပို့ဆောင်ရေးဝန်ကြီးဌာနနှင့် ဆောက်လုပ်ရေးဝန်ကြီးဌာန စသည်တို့တွင် ၎င်းတို့၏ဝန်ထမ်းများနှင့် မိသားစုများအတွက် သီးခြားဆေးရုံ၊ ဆေးပေးခန်းများ ဖွင့်လှစ်ဆောင်ရွက်ပေးလျက်ရှိသည်။

လူငယ်လူရွယ်များ၏ ကျန်းမာရေး တိုးတက်လာစေရန်၊ မူးယစ်ဆေးဝါးသုံးစွဲမှု ကင်းဝေးစေရန်နှင့် လူမှုရေးအကြမ်းဖက်မှုများမှ ကာကွယ်ပေးရန်အတွက် အားကစားဝန်ကြီးဌာနနှင့်လည်း ပူးပေါင်းဆောင်ရွက်လျက်ရှိသည်။

အမျိုးသမီးများအား တန်းတူရည်တူထားရှိပြီး ၎င်းတို့၏ကျန်းမာရေး၊ လူမှုရေးလိုအပ်ချက်များကို ဖြည့်ဆည်းပေးခြင်း၊ ၎င်းတို့၏လုပ်ပိုင်ခွင့် ရပိုင်ခွင့်များကိုရရှိအောင် ပူးပေါင်းဆောင်ရွက်ပေးခြင်းတို့တွင်လည်း မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်၊ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း စသည်တို့နှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိသည်။

ယင်းသို့ ပူးပေါင်းလက်တွဲ ဆောင်ရွက်မှုများကြောင့် ရရှိလာသည့်အောင်မြင်မှုများကို ဖော်ပြရမည်ဆိုလျှင်–

	၁၉၉၅	၂၀၀၀
– **ကာကွယ်ဆေးထိုးနှံပြီးစီးမှု**	၇၅ %	၉၀ %
– **ရေကောင်းရေသန့်ရရှိမှု**	၁၈ %	၇၂ %
– **ယင်လုံအိမ်သာတည်ဆောက်ပြီးစီးမှု**	၃၂ %	၆၃ %
– **တစ်နှစ်အောက်ကလေးသေဆုံးမှု (၁၀၀၀၀လျှင်)**	၈၀ %	၆၀ %

ယင်းကဲ့သို့ အောင်မြင်မှု ရရှိခဲ့ခြင်း၏ အကြောင်းရင်းများကို လေ့လာသုံးသပ်ကြည့်ရာတွင်–

- **နိုင်ငံတော်၏ဦးဆောင်မှု** (Political Commitment)
- **ဌာနဆိုင်ရာအချင်းချင်းပူးပေါင်းဆောင်ရွက်မှု**
- **အစိုးရမဟုတ်သော အဖွဲ့အစည်းများ၏ ပါဝင်ကူညီမှု**
- **လူထုလူတန်းစားအားလုံး ပါဝင်ဆောင်ရွက်မှုတို့ကြောင့်ဖြစ်ကြောင်း တွေ့ရှိရပါသည်။**

စာမျက်နှာ ၇ ကော်လံ ၁ သို့ ✧

ရန်ကုန်မြောက်ပိုင်းခရိုင် ရေတော်မိုးတော် မိုးစပါးကွင်းပိတ်ပွဲနှင့် စပါးအတန်းလိုက် မျိုးစေ့ချကိရိယာဖြင့် မျိုးစေ့ချစွမ်းရည်ပြိုင်ပွဲကျင်းပ

ရန်ကုန် ဇူလိုင် ၂၈

ရန်ကုန်မြောက်ပိုင်းခရိုင်၂၀၀၅-၂၀၀၆ခုနှစ် ရေတော်မိုးတော် မိုးစပါးကွင်းပိတ်ပွဲနှင့် စပါးအတန်းလိုက်မျိုးစေ့ချကိရိယာဖြင့် မျိုးစေ့ချစွမ်းရည်ပြိုင်ပွဲကို ယမန်နေ့နံနက် ၆ နာရီခွဲတွင် ရန်ကုန်မြောက်ပိုင်းခရိုင် မှော်ဘီမြို့နယ် ကုလားကုန်းကျေးရွာအနီးရှိ လယ်သမားကြီး ဦးမြင့်ဦး၏လယ်မြေ၌ကျင်းပရာ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ တက်ရောက်အားပေးချီးမြှင့်သည်။

အခမ်းအနားသို့ စက်မှုလယ်ယာ ဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးထွန်းတင်၊ အမှတ်(၁) စစ်ဒေသမှူး ဗိုလ်မှူးကြီးမြတ်သူ၊ မှော်ဘီတပ်နယ်မှူး ဒုတိယဗိုလ်မှူးကြီးတင်ဦး၊ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီ အတွင်းရေးမှူး ဒုတိယ ဗိုလ်မှူးကြီးမြင့်ကြည်နှင့် တိုင်းအဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ရန်ကုန် မြောက်ပိုင်းခရိုင် အေးချမ်းသာယာရေး နှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယ ဗိုလ်မှူးကြီးမြတ်မင်းနှင့် ခရိုင်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌများနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ လယ်ယာလုပ်သား များနှင့် ဒေသခံတောင်သူများ တက် ရောက်ကြသည်။

အထောက်အကူပြု

ရှေးဦးစွာ ရန်ကုန်တိုင်း အေးချမ်း သာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေက အမှာစကားပြောကြားရာတွင် ရန်ကုန် မြောက်ပိုင်းခရိုင်အတွင်း ၂၀၀၅- ၂၀၀၆ခုနှစ်အတွက် ရေတော်မိုးတော် မိုးစပါး သတ်မှတ်လျာထားဧက ၂၃၁၆၉၅ ဧက အားလုံး အပြည့်အဝ စိုက်ပျိုးနိုင်ခဲ့ပြီး ယခုကဲ့သို့ ကွင်းပိတ် ပွဲ ကျင်းပနိုင်သည့်အတွက် များစွာ ဝမ်းမြောက် ဂုဏ်ယူမိပါကြောင်း၊ လယ်ယာကဏ္ဍ ထုတ်လုပ်မှုမြင့်မား ခြင်းသည် နိုင်ငံတော်၏ စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုကို များစွာအထောက် အကူပြုလျက်ရှိနေသဖြင့် မိုးစပါး ပန်းတိုင်အထွက်နှုန်းရရှိအောင် စိုက်ပျိုး ရေး နည်းလမ်းလေးသွယ်နှင့်အညီ ကြိုးပမ်း ဆောင်ရွက်ကြစေလိုကြောင်း၊ စပါးအထွက်နှုန်းတိုးပြီး မျိုးစေ့ အလေအလွင့် နည်းပါးစေရေးအတွက် စပါးအတန်းလိုက် တိုက်ရိုက်မျိုးစေ့ချ စနစ်ကို အသုံးပြု စိုက်ပျိုးကြစေ လိုကြောင်း။

ယနေ့အခမ်းအနားတွင်လည်းအတန်း လိုက် တိုက်ရိုက်မျိုးစေ့ချကိရိယာဖြင့် မျိုးစေ့ချ စွမ်းရည်ပြိုင်ပွဲကျင်းပ၍ ပညာ ပေးပြသသည်ကိုတွေ့ရှိရမှာဖြစ်ကြောင်း၊ စပါးအထွက်နှုန်း တိုးစေရေးအတွက် ခေါင်နှံစပါးမျိုးကို မျိုးသန့်ပွားများပြီး စိုက်ပျိုးကြစေလိုကြောင်း၊ "ကျေးရွာ အမှိုက်၊ လယ်ယာမြေရတနာသိုက်" ဟူသည့် ဆောင်ပုဒ်နှင့်အညီ လယ်မြေ စွန့်ပစ်အမှိုက်များဖြင့် ပြုလုပ်သော အီးအမ်ဘိုကာရှီမြေဆွေး၊ဒေသထွက် သဘာဝမြေသြဇာများကို ဓာတ်မြေ သြဇာနှင့် ရောစပ်အသုံးပြုခြင်းဖြင့် ကုန်ကျစရိတ်သက်သာစေပြီး အလေ အလွင့်လည်း နည်းပါးကာစပါးအထွက် နှုန်းလည်း တိုးလာမှာဖြစ်ကြောင်းနှင့် ဤရေကြီးကွင်း၊ရေနက်ကွင်း၊ရေကျ နောက်စိုက်တို့ကို မိုးစပါးလျာထားဧက ပြည့်မီအောင် ဤသတ်မှတ်ကာလ အတွင်း ရာနှုန်းပြည့် စိုက်ပျိုးပြီးစီးရေး ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြစေလို ကြောင်းဖြင့်ပြောကြားသည်။

ဆက်လက်၍ ရန်ကုန်မြောက်ပိုင်း ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး မြတ်မင်းက ခရိုင်အတွင်းမြို့နယ်များ အလိုက် မိုးစပါးစိုက်ပျိုးပြီးစီးမှုအခြေ အနေများကို ရှင်းလင်းတင်ပြသည်။

ယင်းနောက်မျိုးစေ့ချစွမ်းရည်ပြိုင်ပွဲ အမှတ်ပေးဒိုင်ချုပ် ရန်ကုန်မြောက်ပိုင်း ခရိုင်မြေစာရင်းဦးစီးမှူး ဦးမြမောင်က ပြိုင်ပွဲစည်းကမ်းများနှင့် အမှတ်ပေး စနစ်များကို ရှင်းလင်းပြောကြားပြီး ပြိုင်ပွဲကိုစတင်ကျင်းပသည်။

ကြည့်ရှုအားပေး

ထို့နောက်တိုင်းမှူးဗိုလ်ချုပ်မြင့်ဆွေနှင့် ဧည့်ပရိသတ်များသည် ရန်ကုန်မြောက် ပိုင်းခရိုင်အတွင်းရှိ မြို့နယ်ရှစ်မြို့နယ်မှ ပြိုင်ပွဲဝင်အသင်းများ၏ စပါးအတန်း လိုက်မျိုးစေ့ချစွမ်းရည် ပြိုင်ပွဲဝင်နေမှု များကို ကြည့်ရှုအားပေးကြသည်။

ပြိုင်ပွဲအပြီးတွင် ဆုပေးပွဲအစီအစဉ် ကို ကျင်းပရာ Steel Stone ကုမ္ပဏီမှ မန်နေဂျင်းဒါရိုက်တာ ဦးသန်းလွင်က ပြိုင်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြသည့် အသင်းများအား ဂုဏ်ပြုဆုငွေကျပ် တစ်သိန်းကို ပေးအပ်ချီးမြှင့်ရာ ပြိုင်ပွဲဝင် အသင်းများကိုယ်စား မင်္ဂလာဒုံမြို့နယ် စိုက်ပျိုးရေးမန်နေဂျာ ဦးဇော်လင်းက လက်ခံရယူသည်။

ယင်းနောက် တာဝန်ရှိသူများက ပြိုင်ပွဲ၌ ဒုတိယဆုရရှိသည့် လှည်းကူး

မြို့နယ်၊ တတိယဆုရရှိသည့် တိုက်ကြီး မြို့နယ်နှင့် အထူးဆုများရရှိကြသော မြို့နယ်များအား ဂုဏ်ပြုဆုတံဆိပ်နှင့် ဂုဏ်ပြုဆုငွေများကို ပေးအပ်ချီးမြှင့် ကြသည်။

ထို့နောက် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ က ပြိုင်ပွဲ၌ ပထမဆုရရှိသည့် မှော်ဘီ မြို့နယ်အား ဂုဏ်ပြုဆုတံဆိပ်နှင့် ဂုဏ်ပြု ဆုငွေကို ပေးအပ်ချီးမြှင့်ပြီး အခမ်းအနား ကို ရုပ်သိမ်းလိုက်သည်။

ရှင်းလင်းပြသ

ဆက်လက်၍ တိုင်းမှူး ဗိုလ်ချုပ် မြင့်ဆွေနှင့် တာဝန်ရှိသူများသည် အခမ်းအနားတွင် ပြသထားသော လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်း ဝန်ကြီးဌာန စက်မှုလယ်ယာဦးစီး ဌာနက တောင်သူများ၏ လိုအပ်ချက် နှင့်ကိုက်ညီအောင် မွမ်းမံပြင်ဆင် ထုတ်လုပ်လိုက်သည့် မြင်းကောင်ရေ ၁၆ကောင်အားရှိ လယ်ယာ ၁၆ လက်တွန်းထွန်စက်ပုံစံသစ်ကို လည်း ကောင်း၊ မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း၏ မိုးစပါးပန်းတိုင်အထွက်နှုန်း နည်းပညာ ပြခန်း၌ပြသထားသော ပန်းတိုင် အထွက်နှုန်း စပါးမျိုးများ၊ ပန်းတိုင် အထွက်နှုန်းရရှိရန် မြေပြုပြင်ဆောင်ရွက် ရမည့်အချက်များ၊ ယူရီးယား ဓာတ်မြေ သြဇာတစ်အိတ်နှင့် သဘာဝမြေဆွေး သုံးအိတ်ရောစပ်အသုံးပြုရေးနှင့် အီးအမ် ဘိုကာရှီ မြေဆွေးပုံပြုလုပ်ခြင်း နည်း စနစ်များ၊ ဆင်းသွယ်လတ်စပါးမျိုးကို ပျိုးသက်ငယ်ဖြင့် ကောက်ကွက်၊ လက်ဆစမ်းသပ်ထားမှုများ၊ ပန်းတိုင် အထွက်နှုန်းရရှိရေးအတွက် အီးအမ် ဘိုကာရှီ အသုံးပြုစိုက်ပျိုးထားရှိမှုကို လည်းကောင်း၊ ပန်းတိုင်အထွက်နှုန်း ရရှိနိုင်သော စပါးမျိုးများဖြင့် အထွက် နှုန်း ယှဉ်ပြိုင်စမ်းသပ်စိုက်ပျိုးထားမှုကို လည်းကောင်း ကြည့်ရှုအားပေးရာ စက်မှုလက်မှုလယ်ယာဦးစီးဌာနဒုတိယ ညွှန်ကြားရေးမှူးချုပ် ဦးထွန်းတင်နှင့် တိုင်းစိုက်ပျိုးရေးမန်နေဂျာ ဦးအောင် ဆန်းတို့က လိုက်လံရှင်းလင်းပြသကြ သည်။

ယင်းနောက် တိုင်းမှူးဗိုလ်ချုပ်မြင့်ဆွေ သည် အဆိုပါလယ်မြေအတွင်း ငါး လုပ်ငန်းဦးစီးဌာနက ကျင်းပသော စပါးခင်းများအတွင်း ငါးမျိုးစိုက်ထည့် ခြင်းအခမ်းအနားသို့ တက်ရောက်ပြီး စပါးခင်းများအတွင်း ငါးမျိုးများကို စိုက်ထည့်ပေးသည်။

ငါးမျိုးများစိုက်ထည့်

ဆက်လက်၍ တာဝန်ရှိသူများနှင့် ဒေသခံ တောင်သူများက စပါးခင်းများ အတွင်းသို့ ငါးမျိုးများကို စိုက်ထည့် ပေးကြပြီး အခမ်းအနားကို ရုပ်သိမ်း လိုက်သည်။

အပြည့်အဝစိုက်ပျိုးပြီး

ရန်ကုန် မြောက်ပိုင်းခရိုင်အနေဖြင့် မိုးစပါး ၃၇၅၄၄၉ဧက စိုက်ပျိုးရန် လျာထားသတ်မှတ်ထားရာ ယနေ့အထိ ၂၈၇၁၂၈ဧက စိုက်ပျိုးပြီးစီးပြီးဖြစ်၍ ရာခိုင်နှုန်းအားဖြင့် ၇၆ဒသမ ၄၈ ရာခိုင်နှုန်း စိုက်ပျိုးပြီးဖြစ်ကြောင်းနှင့် ရေတော်မိုးတော် မိုးစပါး ၂၃၁၆၉၅ဧက စိုက်ပျိုးရန် လျာထားသတ်မှတ်ထားရာ အပြည့်အဝ စိုက်ပျိုးပြီးဖြစ်သည်။

(သတင်းစဉ်)

ကြည့်ရှုအားပေး

ရန်ကုန်တိုင်း အေးချမ်းသာယာ ရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေနှင့် တာဝန်ရှိသူ များ မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း၏ မိုးစပါးပန်းတိုင်အထွက်နှုန်း နည်း ပညာပြခန်း၌ ကြည့်ရှုအားပေးစဉ်။

(ရန်ကုန်တိုင်း)

မော်လမြိုင်မြို့ သမိုင်းဝင်ကျိုက်သလ္လံစေတီတော်မြတ်ကြီး၏ ပရဝဏ် အတွင်း ပြုပြင်တည်ဆောက်ဆဲလုပ်ငန်းများအတွက် ဇူလိုင် ၂၇ ရက်က ရန်ကုန် မြို့နေ မောင်မျိုးစည်သူ၊ မဖြူဖြူသွယ်မိသားစုက ငွေကျပ်တစ်သိန်း ပေးအပ် လှူဒါန်းရာ ဂေါပကအဖွဲ့ ဘဏ္ဍာရေးမှူး ဦးခင်မောင်ဝင်း လက်ခံရယူစဉ်။

(၂၅၇)

✧ စာမျက်နှာ ၆ ဆောင်းပါးမှအဆက်

ကျန်းမာရေးဆိုင်ရာ လုပ်ဆောင်မှုတိုင်းသည် ဘက်စုံ၊ ထောင့်စုံမှ ပူးပေါင်းဆောင်ရွက်ခြင်းဖြင့်သာ အောင်မြင်မှုရရှိနိုင်ပေသည်။ ကမ္ဘာကြီးသည် ဆက်သွယ်ရေးကွန်ရက်၏ တိုးတက်မှုကြောင့်ရွာကြီးတစ်ရွာအဖြစ်သို့လျင်မြန်စွာ တစ်ဟုန်ထိုး ပြောင်းလဲနေချိန်တွင် မည်သည့်နိုင်ငံမျှ အခြားနိုင်ငံတစ်ခု၏ ဖြစ်ပေါ်ပြောင်းလဲမှုဒဏ်ကိုလွတ်မြောက်ရန် မစွမ်းသာတော့ချေ။ ကျန်းမာရေး ဌာန၏လုပ်ငန်းအနေအထားသည် ပြောင်းလဲမှုတစ်ခုသို့ ရောက်ရှိနေပြီဖြစ်သည်။

လက်တွဲပူးပေါင်း ဆောင်ရွက်အားထုတ်ကြိုးပမ်းမှုတွင် အစဉ်အလာ ကြီးမားခဲ့သော ကျန်းမာရေးဝန်ကြီးဌာနသည် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးတွင် နာမည်ကောင်းရလျက်ရှိသည့်နည်းတူ ရှေ့တွင်လည်းအောင်မြင်မှုများရရှိမည်မှာ သေချာပါသည်။ ကျန်းမာခြင်းအစဉ်ဖွံ့ဖြိုးတိုးတက်စေရန် တစ်ယောက်အားဖြင့် မစွမ်းသာ အများအားဖြင့်သာ အောင်မြင်မည်မှာ သေချာပါသည်။ အများအား ရရန်မှာလည်း တစ်ဦးချင်းအားကို စုပေါင်းရယူရမည်မှာ အမှန်ပင်ဖြစ်ပါသည်။ မိမိ၏တစ်ကိုယ်ရေသန့်ရှင်းခြင်း၊ အိမ်ဝင်းသန့်ရှင်းခြင်း၊ ကျောင်းဝင်း သန့်ရှင်းခြင်း၊ ရပ်ရွာသန့်ရှင်းခြင်းတို့တွင် ကိုယ်တိုင်ပါဝင်ခြင်းဖြင့် ကျန်းမာခြင်းနှင့် ညီညွတ်သော မြို့တော်၊ ကျန်းမာသန့်ပြည့်သော နိုင်ငံတော်အဖြစ်သို့ ဦးတည်ကြပါစို့ဟု တိုက်တွန်းလိုက်ရပါသည်။ ။

အမှတ်(၁၂/G) အုတ်လမ်း အနောက်ရွှေဂုံတိုင်၊ ဗဟန်းမြို့နယ်နေ ဒေါ်တင်ငွေမိသားစုက အလှူငွေကျပ်တစ်သိန်းကို ဖြူဘဝိဟာရ ပရိယတ္တိစာသင် တိုက် သုဒဿန၂ လမ်း၊ ၁၆/၂ရပ်ကွက်၊ သင်္ဃန်းကျွန်းမြို့နယ်ရှိ နာရေး ကူညီမှုအသင်း ရန်ကုန်သို့လှူဒါန်းရာ ဒုတိယဥက္ကဋ္ဌ ဦးကျော်သူက လက်ခံ ရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်စဉ်။ (က-ပ)

လမ်းသာယာရေး စုပေါင်းဆောင်ရွက်

ရန်ကုန် ဇူလိုင် ၂၈

ပန်းဘဲတန်းမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီနှင့် မြို့နယ်စည်ပင်သာယာအုပ်ချုပ်ရေးမှူးရုံး၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် အမှတ်(၁၀) ရပ်ကွက်၊ ၃၂လမ်း၊ လမ်းသာယာရေးကော်မတီဥက္ကဋ္ဌ ဦးသန်းမောင်၊ အတွင်းရေးမှူး ဦးတင်မောင်ဦးနှင့် ကော်မတီဝင်များသည် စည်ပင်သာယာရေးဝန်ထမ်းများနှင့် ပူးပေါင်း၍ ရေမြောင်းများ ရေစီးရေလာကောင်းမွန်စေရန် လမ်းမကြီး ဥမင် လိုက်ခေါင်းအောက် မပိတ်ဆို့ရေးအတွက် သံဆန်ခါများတပ်ဆင်ခြင်း၊ လမ်းခင်း ကျောက်ပြားများခင်းခြင်း စသည့် လမ်းသာယာရေးလုပ်ငန်းများကို စုပေါင်း ဆောင်ရွက်ကြသည်။ (က-ပ)

ကြုံတွေ့လာသမျှ အခက်အခဲများကို ပြည်သူ့စွမ်းပကားဖြင့် ရင်ဆိုင်ကျော်လွှား အောင်ပွဲများရရှိ ပြည်တွင်း ပြည်ပ အဖျက်အန္တရာယ်ကို ပြည်သူ့သဘောထား(၄)ရပ်နှင့်အညီ တွန်းလှန်တိုက်ဖျက်

"ပြည်တွင်း ပြည်ပ အဖျက်သမားများ အန္တရာယ်ကို ပြည်သူ့စွမ်းအား စည်းလုံးမှုအင်အားဖြင့် ကာကွယ်ရေး" လူထုအစည်းအဝေးတွင် သဘာပတိနှင့် သဘာပတိအဖွဲ့ဝင်များအားတွေ့ရစဉ်။ (သတင်းစဉ်)

✧ **ကျောဖုံးမှ**

ကြက်ခြေနီတပ်ဖွဲ့ဦးစီးမှူး(ပထမတန်း)ဦးခွန်ကျော်ဝင်း၊ အရန်မီးသတ်တပ်ဖွဲ့ ဒုတိယတပ်ရင်းမှူး ဦးစန်းကိုနှင့် ရပ်မိရပ်ဖ ဦးစောစိုးတင့်တို့က ဆောင်ရွက်၍ အခမ်းအနားမှူးအဖြစ် ဘားအံမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေး အသင်းဝင် ဒေါ်အေမီကျော်နှင့် ဒေါ်နန်းတကော်အွာတို့က ဆောင်ရွက်ကြသည်။

အခမ်းအနားအစီအစဉ်အရ သဘာပတိ၊ သဘာပတိအဖွဲ့ဝင်များနှင့် တက်ရောက်လာကြသူများက နိုင်ငံတော်အလံအား အလေးပြုကြသည်။

အမှာစကားပြောကြား

ယင်းနောက် အခမ်းအနားသဘာပတိ ကရင်ပြည်နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင် ဦးစောမြတ်ထွဋ်ဝင်းက အဖွင့်အမှာစကားပြောကြားရာတွင် မိမိတို့နိုင်ငံကို ခေတ်မီဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်လိုသည်ဆိုလျှင် မရှိမဖြစ် အဓိကလိုအပ်ချက်မှာ **"နိုင်ငံအတွင်း တည်ငြိမ်အေးချမ်းမှုရှိရန်"**ပင်ဖြစ်ကြောင်း၊ နိုင်ငံတွင်း တည်ငြိမ်အေးချမ်းမှု ရှိရန် လိုအပ်သည့် ကိုယ်ခံအင်အားမှာ **"ပြည်ထောင်စုစိတ်ဓာတ်"**ပင်ဖြစ်ကြောင်း၊ ပြည်ထောင်စုစိတ်ဓာတ် ဆိုသည်မှာ တိုင်းရင်းသားအားလုံး ဉမကွဲသိုက်မပျက်၊ အေးအတူပူအမျှ ရာသက်ပန်ပူးပေါင်းနေထိုင်လိုသည့် မျိုးချစ်စိတ်ဓာတ်ပင်ဖြစ်ကြောင်း၊ ဤပြည်ထောင်စုစိတ်ဓာတ်သည် မိမိတို့ ပြည်ထောင်စုသားများ၏ ရင်ထဲနှလုံးထဲတွင် ရှေးပဝေသဏီကတည်းက စွဲမြဲစွာကိန်းအောင်းခဲ့ပြီးဖြစ်ကြောင်း၊ သို့သော် ပြည်တွင်း ပြည်ပ အဖျက်သမားနှင့် ဗိုလ်ကျစိုးမိုး ခြယ်လှယ်လိုသူ ပြည်ပနိုင်ငံကြီးအချို့၏ နှောင့်ယှက်ဖျက်ဆီး၊ ဟန့်တား၊ ပိတ်ပင်လုပ်နေမှုမှာ ရှိနေဆဲဖြစ်ကြောင်း၊ ဤသို့ နှောင့်ယှက်၊ ဖျက်ဆီး၊ ဟန့်တားပိတ်ပင်လုပ်နေသည့်ကြားထဲက ဒေသတွင်း အိမ်နီးချင်းနိုင်ငံများနှင့် ပူးပေါင်းဆောင်ရွက်မှုကို ရယူပြီး နိုင်ငံတော်အစိုးရ၊ တပ်မတော်၊ ပြည်သူလူထု တစ်ရပ်လုံးပူးပေါင်းကာ နိုင်ငံရေးစွမ်းအား၊ စီးပွားရေးစွမ်းအား၊ ကာကွယ်ရေးစွမ်းအားဆိုသည့် စွမ်းအားသုံးရပ်ကို တည်ဆောက်လျက်ရှိရာ အနာဂတ်ပြည်ထောင်စု မြန်မာနိုင်ငံတော်သည် လူနေမှုစနစ် မြင့်မားသည့် ခေတ်မီနိုင်ငံတော်သို့ ဦးတည်နေပြီဆိုသည်ကို ပြည်သူလူထုတစ်ရပ်လုံး မျက်မြင်ကိုယ်တွေ့ပင် ဖြစ်ကြောင်း။

ယနေ့ နိုင်ငံတော်အစိုးရသည် ပင်မတာဝန်ဖြစ်သည့် နိုင်ငံတော်လုံခြုံရေးနှင့် စည်းကမ်းသေဝပ်တည်ငြိမ်ရေး၊ အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးတာဝန်များကို နေ့မအား ညမနား လုပ်ဆောင်ရင်း နိုင်ငံတော် ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ်ကို ချမှတ်ပြီး တပ်မတော်က နိုင်ငံတော်အာဏာကို မူလပိုင်ရှင်ဖြစ်သည့် ပြည်သူလူထုထံ စနစ်တကျ ပြန်လည်လွှဲပြောင်းပေးနိုင်ရေးအတွက် ထိထိရောက်ရောက် အကောင်အထည်ဖော် ဆောင်ရွက်နေပြီဖြစ်ကြောင်း၊ ရည်မှန်းချက်အတိုင်း နိုင်ငံ၏အနာဂတ်ကောင်းမွန်ရေး ဦးလည်မသုန် ထမ်းဆောင်သွားမှာဖြစ်ကြောင်း ကမ္ဘာသိကြေညာပြီး ခေတ်မီ ဖွံ့ဖြိုးတိုးတက်သည့် ဒီမိုကရေစီ နိုင်ငံတော်သစ်ကြီး ဖြစ်ပေါ်လာအောင် ပြင်းပြင်းထန်ထန် ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း။

ထို့ကြောင့် ယနေ့လူထုအစည်းအဝေးကြီးကို တက်ရောက်လာကြသည့် ပြည်သူလူထုကြီးကတစ်ဆင့် တိုင်းရင်းသားပြည်သူအားလုံးကို တိုက်တွန်းနှိုးဆော်လိုသည်မှာ ပြည်သူတစ်ရပ်လုံးအနေဖြင့် မွေးရာပါ အမျိုးသားရေးတာဝန်ဖြစ်သည့် ဒို့တာဝန်အရေးသုံးပါးကို အစဉ်ဦးထိပ်ထားပြီး နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ် အောင်မြင်စွာ အကောင်အထည်ဖော်နိုင်ရေးအတွက် ပြည်ထောင်စုစိတ်ဓာတ်၊ မျိုးချစ်စိတ်ဓာတ်တို့ကို အရင်းခံပြီး စည်းစည်းလုံးလုံး ညီညီညွတ်ညွတ် အင်တိုက်အားတိုက် ပါဝင်ဆောင်ရွက်ကြပါရန် တိုက်တွန်းကြောင်း စသည်ဖြင့် ပြောကြားသွားသည်။

ဆက်လက်၍ **"ပြည်တွင်း ပြည်ပ အဖျက်သမားများအန္တရာယ်ကို ပြည်သူ့စွမ်းအား စည်းလုံးမှုအင်အားဖြင့် ကာကွယ်ရေး"**နှင့် ပတ်သက်၍ ပထမပိုင်းကို ကရင်ပြည်နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင် ဦးကျော်ညွန့်ဝင်းက ဆွေးနွေးတင်ပြရာတွင် တိုင်းတစ်ပါး၏ သြဇာခံ ညောင်ရွှေစော်ဘွား၏သား ဦးစီးသည့်အဖွဲ့က ပြည်ပတစ်နေရာမှနေပြီး ရှမ်းပြည်ယာယီအစိုးရဆိုသည့် အဖွဲ့ကိုဖွဲ့စည်းကြောင်းနှင့် ရှမ်းပြည်နယ်ကို လွတ်လပ်သည့်နိုင်ငံအဖြစ် တည်ထောင်ကြောင်း၊ ပြည်ပမီဒီယာသတင်းများမှတစ်ဆင့် မုသာဝါဒကြေညာချက်များထုတ်ပြန်ခြင်းဖြင့် ပြည်ထောင်စုကြီးကို ဖြိုခွဲရန် လုပ်ဆောင်လာခဲ့ကြောင်း၊ ဤကြေညာချက်များသည် ပြည်ထောင်စုကြီးနှင့် တိုင်းရင်းသားလူမျိုးများအား သစ္စာဖောက်ရုံမျှမက ငြိမ်းချမ်းသာယာနေသော ရှမ်းပြည်နယ်အတွင်း တည်ငြိမ်အေးချမ်းမှုကို ပျက်ပြားစေရန် ဖန်တီးပေးသည့် ကိုယ်ကျိုးရှာသူ ပြည်ပြေးတို့၏ တိုင်းဆူပြည်ဖျက် လုပ်ငန်းရပ်သာ ဖြစ်ကြောင်း၊ ယင်းပြည်ပြေးအဖွဲ့များ၏ ရှမ်းပြည်ယာယီအစိုးရအဖွဲ့ ဖွဲ့စည်းပြီး ပြည်ထောင်စုမှခွဲထွက်မည့်လုပ်ရပ်များ၊ ဒို့တာဝန်အရေးသုံးပါးကို ထိပါးမည့် လုပ်ရပ်ဟူသမျှကို ဤနေရာမှနေပြီး ပြည်သူလူထုကြီး၏ကိုယ်စား လုံးဝဆန့်ကျင်ကြောင်းနှင့် လုံးဝလက်မခံနိုင်ကြောင်း ပြောကြားလိုက်ပါကြောင်း။

"ပြည် တွင်း ပြည်ပ အဖျက်သမားများ အန္တရာယ်ကို ပြည်သူ့စွမ်းအား စည်းလုံးမှုအင်အားဖြင့် ကာကွယ်ရေး" လူထု အစည်းအဝေးတွင်သဘာပတိ ကရင်ပြည်နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင် ဦးစောမြတ်ထွဋ်ဝင်း အဖွင့်အမှာစကား ပြောကြားစဉ်။ (သတင်းစဉ်)

လက်တွဲဆောင်ရွက်နေ

နိုင်ငံတော်အစိုးရသည် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် တည်ဆောက်မှုလုပ်ငန်းများကို ပြည်သူနှင့် တပ်မတော် ပူးပေါင်းဆောင်ရွက်ခဲ့ရာ ဘက်စုံကဏ္ဍစုံ အောင်မြင်မှုရလဒ်ကောင်းများ ဖြစ်ထွန်းနေပြီး ဖွံ့ဖြိုးတိုးတက်မှုများ၏ အကျိုးစီးပွား အသီးအပွင့်များကိုလည်း တိုင်းရင်းသားပြည်သူများအားလုံး ရရှိခံစားနေရပြီဖြစ်ကြောင်း၊ နိုင်ငံတော်အစိုးရသည် တိုင်းရင်းသားစည်းလုံး

✪ မိမိတို့နိုင်ငံကို ခေတ်မီဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်လိုသည်ဆိုလျှင် မရှိမဖြစ် အဓိကလိုအပ်ချက်မှာ "နိုင်ငံအတွင်းတည်ငြိမ်အေးချမ်းမှုရှိရန်" ပင်ဖြစ်။

✪ နိုင်ငံတွင်း တည်ငြိမ်အေးချမ်းမှုရှိရန် လိုအပ်သည့် ကိုယ်ခံအင်အားမှာ "ပြည်ထောင်စုစိတ်ဓာတ်" ပင်ဖြစ်။

✪ ပြည်ထောင်စုစိတ်ဓာတ်သည် မိမိတို့ပြည်ထောင်စုသားများ၏ ရင်ထဲနှလုံးထဲတွင် ရှေးပဝေသဏီကတည်းက စွဲမြဲစွာကိန်းအောင်းခဲ့။

✪ သို့သော် ပြည်တွင်း ပြည်ပ အဖျက်သမားနှင့် ဗိုလ်ကျစိုးမိုး ခြယ်လှယ်လိုသူ ပြည်ပ နိုင်ငံကြီးအချို့၏ နှောင့်ယှက်ဖျက်ဆီး၊ ဟန့်တား၊ ပိတ်ပင်လုပ်နေမှုမှာ ရှိနေ။

"ပြည်တွင်းပြည်ပ အဖျက်သမားများ အန္တရာယ်ကို ပြည်သူ့စွမ်းအား စည်းလုံးမှုအင်အားဖြင့် ကာကွယ်ရေး" လူထုအစည်းအဝေးကို ကရင်ပြည်နယ် ဘားအံမြို့ ဖွဲ့ကပင်ခန်းမ၌ ကျင်းပစဉ်။ (သတင်းစဉ်)



ဒီမိုကရေစီနှင့် လူ့အခွင့်အရေးဗန်းပြပြီး နိုင်ငံရေးအရေခြုံလုပ်စားနေကြသည့် နိုင်ငံရေးသူဖုန်းစားများ FTUB၊ ABSDF၊ NCGUB အကြမ်းဖက်အဖွဲ့တို့၏ အဖျက်လုပ်ရပ်များ မလိုလား

"ပြည်တွင်းပြည်ပ အဖျက်သမားများ အန္တရာယ်ကို ပြည်သူ့စွမ်းအား စည်းလုံးမှုအင်အားဖြင့် ကာကွယ်ရေး"နှင့်ပတ်သက်၍ ကရင်ပြည်နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင် ဦးကျော်ညွန့်ဝင်း ဆွေးနွေးတင်ပြစဉ်။ (သတင်းစဉ်)

"ပြည်တွင်းပြည်ပ အဖျက်သမားများ အန္တရာယ်ကို ပြည်သူ့စွမ်းအား စည်းလုံးမှုအင်အားဖြင့် ကာကွယ်ရေး"နှင့် ပတ်သက်၍ ကရင်ပြည်နယ် အမျိုးသမီးရေးရာအဖွဲ့ဝင် ဒေါ်နန်းသန်းသန်းဌေး ဆွေးနွေးတင်ပြစဉ်။ (သတင်းစဉ်)

"ပြည်တွင်းပြည်ပ အဖျက်သမားများ အန္တရာယ်ကို ပြည်သူ့စွမ်းအား စည်းလုံးမှုအင်အားဖြင့် ကာကွယ်ရေး"ကို လူထုအစည်းအဝေးကြီးက ဆုံးဖြတ် အတည်ပြုပေးနိုင်ရန် ဘားအံမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင် ဦးတင်ကိုလတ် အဆိုတင်သွင်းစဉ်။ (သတင်းစဉ်)

"ဒို့တာဝန်အရေး(၃)ပါးကို ခံယူပြီး နိုင်ငံတော်အေးချမ်းသာယာရေး၊ ဖွံ့ဖြိုးတိုးတက်ရေး တည်ဆောက်မှုများနှင့် နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ်အောင်မြင်ရေးတွင် ပြည်ထောင်စုစိတ်ဓာတ်အပြည့်အဝဖြင့် ပူးပေါင်းပါဝင်ဆောင်ရွက်ရေး"နှင့်ပတ်သက်၍ ကရင်ပြည်နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဝင် ဒေါ်နန်းလှယဉ်မေ ဆွေးနွေးတင်ပြစဉ်။ (သတင်းစဉ်)

ညီညွတ်ရေးကို ဦးစားပေးအကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ တိုင်းရင်းသားတောတွင်းလက်နက်ကိုင် အဖွဲ့အစည်း (၁၇) ဖွဲ့သည်လည်း နိုင်ငံတော်၏စေတနာအမှန်ကို သိမြင်လာပြီး လက်နက်နှင့်ငြိမ်းချမ်းရေး လဲလှယ်ကာ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို နိုင်ငံတော်အစိုးရနှင့် လက်တွဲပူးပေါင်းဆောင်ရွက်နေကြပြီဖြစ်ကြောင်း။

ဤကဲ့သို့ နိုင်ငံတော်ကြီး အဘက်ဘက်မှ တိုးတက်လာပြီး အကျိုးစီးပွားဖြစ်ထွန်းနေသည်ကို မလိုလား မရှုဆိတ်သည့် အမျိုးသားရေး သစ္စာဖောက်

"ပြည်တွင်းပြည်ပ အဖျက်သမားများ အန္တရာယ်ကို ပြည်သူ့စွမ်းအား စည်းလုံးမှုအင်အားဖြင့် ကာကွယ်ရေး" လူထုအစည်းအဝေးတွင် အခမ်းအနားမှူးအဖြစ် ဘားအံမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင် ဒေါ်အေးမီကျော်နှင့် တွဲဖက်အခမ်းအနားမှူးအဖြစ် ဒေါ်နန်းတကော်အွာတို့ ဆောင်ရွက်ကြစဉ်။ (သတင်းစဉ်)

များနှင့် အခါတော်ပေး အနောက်အုပ်စုနိုင်ငံအချို့တို့ ပူးပေါင်း သပ်လျှိုဖြိုခွဲရန် လုပ်ဆောင်လာသည့်အတွက် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများဆောင်ရွက်ရာတွင် အခက်အခဲများ ကြုံတွေ့ခဲ့ရကြောင်း၊ ကြုံတွေ့လာသမျှအခက်အခဲအတားအဆီးများကို နိုင်ငံတော်အစိုးရ၊ တပ်မတော်နှင့် ပြည်သူတို့ ပူးပေါင်းပါဝင်သည့် ပြည်သူ့စွမ်းပကားဖြင့် ရင်ဆိုင်ကျော်လွှားပြီး အောင်ပွဲများ ရရှိခဲ့ပြီးဖြစ်ကြောင်း၊ ထို့ကြောင့် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ အကျိုးစီးပွား ပျက်စီးရာ ပျက်စီးကြောင်း လုပ်ဆောင်နေကြသည့် ပြည်တွင်း ပြည်ပ အဖျက်သမားအန္တရာယ်များကို ပြည်သူ့သဘောထား(၄)ရပ်နှင့်အညီ ပြည်ထောင်စုတစ်ဝန်းလုံးရှိ တိုင်းရင်းသားပြည်သူအပေါင်းက စည်းလုံးညီညွတ်မှုစွမ်းအားဖြင့် ဆက်လက်တွန်းလှန်တိုက်ဖျက် စုပေါင်းကာကွယ်သွားကြပါစို့ဟု တိုက်တွန်းကြောင်း စသည်ဖြင့် ပြောကြားသွားသည်။

ယင်းနောက် ကရင်ပြည်နယ်အမျိုးသမီးရေးရာအဖွဲ့ဝင် ဒေါ်နန်းသန်းသန်းဌေးက ဆက်လက်ဆွေးနွေး တင်ပြရာတွင် မိမိတို့ မြန်မာနိုင်ငံ၏သမိုင်းကြောင်းဖြစ်စဉ်ကို ပြန်ကြည့်လျှင် တိုင်းရင်းသား စည်းလုံးညီညွတ်ရေးစိတ်ဓာတ်၊ ပြည်ထောင်စုစိတ်ဓာတ်နှင့် ကိုလိုနီနယ်ချဲ့ဆန့်ကျင်ရေးစိတ်ဓာတ်တို့ကို အထင်အရှား တွေ့မြင်နိုင်ကြောင်း၊ ယနေ့အချိန်အခါတွင် နိုင်ငံတော်သစ်ကို သစ်လွင်မြင့်မားပြီး စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော်အဖြစ် တည်ဆောက်နေချိန်ဖြစ်ကြောင်း၊ နိုင်ငံတော်အစိုးရက အတိတ်သမိုင်းသင်ခန်းစာများကိုရယူပြီး နိုင်ငံတော်ကြီး တောက်ပြောင်ဝင့်ကြွားနိုင်ရန် တိုင်းရင်းသားစည်းလုံးညီညွတ်ရေးကို ဦးစားပေး အကောင်အထည်ဖော်ခဲ့ပါကြောင်း၊ တပ်မတော်နှင့်ပြည်သူတို့၏ စည်းလုံးညီညွတ်မှုကြောင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ပြီး အေးချမ်းသာယာသည့် နိုင်ငံတော်ကြီးကို တည်ဆောက်နေချိန်လည်းဖြစ်ကြောင်း။

လွတ်လပ်ရေးရပြီးပြီးချင်း မြန်မာနိုင်ငံသည် ကုလသမဂ္ဂဝင်နိုင်ငံအဖြစ် မေ ၁၈ ရက်တွင် ဝင်ရောက်ခဲ့ကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် ILO နှင့် စဉ်ဆက်မပြတ် ပူးပေါင်းဆောင်ရွက်ခဲ့သည်မှာ ယနေ့တိုင်ပင်ဖြစ်ကြောင်း၊ ၁၉၈၈ ခုနှစ် မတိုင်မီက မြန်မာနိုင်ငံကို ယခုကဲ့သို့စွပ်စွဲမှုမျိုး မတွေ့ခဲ့ရကြောင်း၊ နိုင်ငံတော် အာဏာကို တပ်မတော်အစိုးရအဖွဲ့က တာဝန်ယူခဲ့သည့် နောက်ပိုင်းကာလမှစပြီး ICFTU က မြန်မာနိုင်ငံတွင် အဓမ္မစေခိုင်းမှုရှိကြောင်း စွပ်စွဲသည့်အတွက် နိုင်ငံတော်အစိုးရက ဖြေရှင်းခဲ့ရကြောင်း၊ ယင်းသို့ ဖြေရှင်းသော်လည်း ILO ညီလာခံက မြန်မာနိုင်ငံသည် ပြဋ္ဌာန်းချက်အမှတ်(၂၉)ကို လိုက်နာခြင်း မရှိဘဲ အဓမ္မစေခိုင်းမှုများ ရှိနေကြောင်း၊ ICFTU မှ အလုပ်သမားကိုယ်စားလှယ်များ တိုင်ကြားခဲ့သည့်အတွက် ILO အဖွဲ့ချုပ်က စုံစမ်းရေးကော်မရှင်ကို ဖွဲ့စည်းခဲ့ကြောင်း၊ စုံစမ်းရေးကော်မရှင်သည် မြန်မာနိုင်ငံမှ သတင်းအချက်အလက်များကို အခြေမပြုဘဲ နယ်စပ်တစ်လျှောက်တွင်သာ စစ်ဆေးမေးမြန်းပြီး မြန်မာနိုင်ငံအပေါ် ဖိအားပေးတိုက်တွန်းချက်များ ပြုလုပ်ခဲ့ကြောင်း၊ အရေးယူပိတ်ဆို့မှုကြောင့် အထည်ချုပ်စက်ရုံပေါင်း ၁၆၀ ခန့် ပိတ်သိမ်းခဲ့ရကြောင်း၊ စက်ရုံများကို မှီပြီးလုပ်ကိုင်နေကြသည့် အလုပ်သမား ရှစ်သောင်းကျော် အလုပ်လက်မဲ့ဘဝကို ရောက်ရှိခဲ့ကြကြောင်း၊ ၎င်းတို့ကိုမှီခိုနေသော မိသားစုပေါင်း လေးသိန်းခန့်လည်း စားဝတ်နေရေး၊ ပညာရေးပါထိခိုက်ခဲ့ကြကြောင်း။

အကြမ်းဖက်အဖွဲ့

နိုင်ငံတော်အစိုးရအနေဖြင့် နိုင်ငံနှင့်လူမျိုးအကျိုးစီးပွားကို တာဝန်သိသိ သစ္စာရှိရှိဖြင့် ပြည်သူလူထုနှင့် ပူးပေါင်းဆောင်ရွက်နေသည့် အချိန်တွင် ABSDF အဖွဲ့သည် လက်နက်ကိုင်လမ်းစဉ်နှင့် ဖောက်ခွဲရေးလမ်းစဉ်တို့ဖြင့် အဖျက်အမှောင့်လုပ်ငန်းများကို စဉ်ဆက်မပြတ်လုပ်ဆောင်နေကြောင်း၊ ယင်းလုပ်ရပ်များကြောင့် ပြည်သူလူထု၏ အသက်အိုးအိမ် စည်းစိမ် ပျက်စီးဆုံးရှုံးနေသည်ကို ပြည်သူအားလုံး မြင်တွေ့ကြရမှာဖြစ်ကြောင်း၊ ABSDF အဖွဲ့ကို နယ်စပ်ဒေသရှိ သောင်းကျန်းသူများ၏ နယ်မြေထဲ၌ ဖွဲ့စည်းခဲ့ပြီး ပြည်သူလူထု ထိခိုက်နစ်နာစေမည့် အကြမ်းဖက်လုပ်ရပ်များကို လုပ်ဆောင်နေသည့် အဖွဲ့ပင်ဖြစ်ကြောင်း။

ပြည်သူလူထု တစ်ရပ်လုံးအပေါ် အကြမ်းဖက် အဖျက်လုပ်ရပ်များ၊ လူအခွင့်အရေး ချိုးဖောက်နေမှုများ၊ ဒီမိုကရေစီအရေးနှင့် လူ့အခွင့်အရေး ဗန်းပြပြီး နိုင်ငံရေးအရေခြုံလုပ်စားနေကြသည့် နိုင်ငံရေးသူဖုန်းစားများ၊ အနောက်အုပ်စုခိုင်းသမျှကို လိုက်လုပ်နေကြသည့် FTUB၊ ABSDF အကြမ်းဖက်အဖွဲ့၊ NCGUB အကြမ်းဖက်အဖွဲ့တို့၏ အဖျက်လုပ်ရပ်များကို ပြည်သူလူထုတစ်ရပ်လုံး မလိုလားကြောင်း တင်ပြရင်း နိဂုံးချုပ်ပါကြောင်း စသည်ဖြင့် ပြောကြားသွားသည်။

အဆိုတင်သွင်း

ဆက်လက်၍ **"ပြည်တွင်း ပြည်ပ အဖျက်သမားများ အန္တရာယ်ကို ပြည်သူ့စွမ်းအား စည်းလုံးမှုအင်အားဖြင့် ကာကွယ်ရေး"** ကို လူထုအစည်းအဝေးကြီးက ဆုံးဖြတ်အတည်ပြုပေးနိုင်ရန်

စာမျက်နှာ ၁၀ ကော်လံ ၁ သို့ ●

အဖျက်အန္တရာယ်များကို ကြံ့ကြံ့ခံ တွန်းလှန်အောင်မြင်ရေးအတွက် စည်းလုံးညီညွတ်မှုနှင့် ပြည်ထောင်စု မျိုးချစ်စိတ်ဓာတ် မရှိမဖြစ်လိုအပ်

● စာမျက်နှာ ၉ မှ

ဘားအံမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင် ဦးတင်ကိုလတ်က အဆိုတင်သွင်းသည်။

အစီအစဉ်အရ **"ဒို့တာဝန် အရေးသုံးပါးကို ခံယူပြီး နိုင်ငံတော် အေးချမ်းသာယာရေး၊ ဖွံ့ဖြိုးတိုးတက်ရေး တည်ဆောက်မှုများနှင့် နိုင်ငံတော် ရှေ့ဆက်သွားမည့် မူဝါဒ လမ်းစဉ်(၇)ရပ် အောင်မြင်ရေးတွင် ပြည်ထောင်စုစိတ်ဓာတ် အပြည့်အဝဖြင့် ပူးပေါင်းပါဝင်ဆောင်ရွက်ရေး"**နှင့် ပတ်သက်၍ ပထမပိုင်းကို ပြည်နယ်မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းဝင် ဒေါ်နန်းလှယဉ်မေက ဆွေးနွေးတင်ပြရာတွင် ယနေ့လက်ရှိ မြန်မာနိုင်ငံကြီးကို စီးပွားရေးပိတ်ဆို့မှုဖြစ်ပွားအောင်ပြုလုပ်နေသည့် FTUB အဖွဲ့၊ မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသားဒီမိုကရက်တစ် တပ်ဦးအမည်ခံ ABSDF အဖွဲ့၊ ပြည်ထောင်စုမြန်မာနိုင်ငံ အမျိုးသားညွန့်ပေါင်းအစိုးရ NCGUB အဖွဲ့ စသည့်အဖွဲ့များသည် မဟုတ်မမှန်လုပ်ဇာတ်များခင်းပြီး နိုင်ငံတော်အစိုးရအပေါ် ပြည်သူများကအထင်မှား၊ အမြင်မှားဖြစ်အောင် ပြုလုပ်နေကြကြောင်း၊ စုစည်းနေပြီဖြစ်သည့်၊ အေးချမ်းနေပြီဖြစ်သည့် ပြည်ထောင်စုကြီးကို ပြိုကွဲအောင် ပြုလုပ်နေကြကြောင်း၊ တိုင်းပြည်နှင့် လူမျိုးကောင်းကျိုးကိုခေတ်အဆက်ဆက် သယ်ပိုးထမ်းရွက်ခဲ့သည့် မြန်မာ့တပ်မတော်ကြီးကိုလည်း နည်းမျိုးစုံဖြင့် ဖိအားပေးပြီး ပြည်သူလူထုအထင်လွဲအောင် ဆောင်ရွက်နေကြကြောင်း။

"ပြည်တွင်းပြည်ပ အဖျက်သမားများအန္တရာယ်ကို ပြည်သူ့စွမ်းအား စည်းလုံးမှုအင်အားဖြင့် ကာကွယ်ရေး" လူထုအစည်းအဝေးတွင် ကြွေးကြော်သံများဖြင့် တစ်ခဲနက်ကြွေးကြော်ကြစဉ်။ (သတင်းစဉ်)

"ဒို့တာဝန်အရေး(၃)ပါးကိုခံယူပြီး နိုင်ငံတော်အေးချမ်းသာယာရေး၊ ဖွံ့ဖြိုးတိုးတက်ရေး တည်ဆောက်မှုများနှင့် နိုင်ငံတော် ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ် အောင်မြင်ရေးတွင် ပြည်ထောင်စုစိတ်ဓာတ်အပြည့်အဝဖြင့် ပူးပေါင်းပါဝင်ဆောင်ရွက်ရေး"နှင့်ပတ်သက်၍ ကရင်ပြည်နယ် မြို့နယ်စစ်မှုထမ်းဟောင်းအဖွဲ့မှ ဗိုလ်ကြီးသီဟ (အငြိမ်းစား)ဆွေးနွေးတင်ပြစဉ်။ (သတင်းစဉ်)

"ဒို့တာဝန်အရေး(၃)ပါးကိုခံယူပြီး နိုင်ငံတော် အေးချမ်းသာယာရေး၊ ဖွံ့ဖြိုးတိုးတက်ရေး တည်ဆောက်မှုများနှင့် နိုင်ငံတော် ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ် အောင်မြင်ရေးတွင် ပြည်ထောင်စုစိတ်ဓာတ်အပြည့်အဝဖြင့် ပူးပေါင်းပါဝင်ဆောင်ရွက်ရေး" လူထုအစည်းအဝေးကြီးက ဆုံးဖြတ်အတည်ပြုပေးနိုင်ရန် ကရင်ပြည်နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင် မိထက်ထက်အောင် အဆိုတင်သွင်းစဉ်။ (သတင်းစဉ်)

"ပြည်တွင်းပြည်ပ အဖျက်သမားများ အန္တရာယ်ကို ပြည်သူ့စွမ်းအား စည်းလုံးမှုအင်အားဖြင့် ကာကွယ်ရေး" လူထုအစည်းအဝေးတွင် စက်မှုကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးနှင့်စပ်လျဉ်း၍ အလုပ်သမားကိုယ်စားလှယ် ဦးဝင်းတင် အဆိုတင်သွင်းစဉ်။ (သတင်းစဉ်)

အစဉ်ကြိုးပမ်းမည်

မိမိတို့မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်း အနေဖြင့်လည်း ပြည်ထောင်စုစိတ်ဓာတ်ဖြစ်သည့် အေးချမ်းတည်ငြိမ်ရေး စိတ်ဓာတ်၊စည်းလုံးညီညွတ်ရေးစိတ်ဓာတ်၊ မျှဝေခံစားရေး စိတ်ဓာတ်နှင့် နိုင်ငံတော် တည်ဆောက်ရေး စိတ်ဓာတ်တို့ကို မွေးမြူကာ ဒို့တာဝန်အရေးသုံးပါးတွင် အဓိကကျသော တိုင်းရင်းသား စည်းလုံးညီညွတ်မှု မပြိုကွဲရေးကို အထူးအလေးထား ဖော်ဆောင်သွားမည်ဖြစ်ကြောင်း၊ တိုင်းရင်းသား စည်းလုံးညီညွတ်မှုစွမ်းအား ခိုင်မာတိုးပွားလာအောင်လည်း အစဉ်ကြိုးပမ်း ဆောင်ရွက်သွားမည်ဖြစ်ကြောင်း။

မိမိအနေဖြင့် ယခုကျင်းပပြုလုပ်သည့် လူထုအစည်းအဝေးကြီးတွင် မိမိတို့နိုင်ငံကြီးကို ဖိအားပေးသည့် ပြည်ပအဖွဲ့အစည်းအချို့နှင့် ပြည်တွင်းရှိ အဆိုးမြင်ဝါဒီများကို အရေးတယူလုပ်၍ ယခုကဲ့သို့ ရှင်းလင်းပြောကြားနေခြင်း မဟုတ်ကြောင်း၊ ယခုကြွရောက်လာကြသည့် လူထုပရိသတ်များ၊ မြန်မာပြည်သူ ပြည်သားများ နိုင်ငံတော်နှင့် အစိုးရအပေါ် အထင်မှား အမြင်မှားမှုများ ရှင်းလင်းစေချင်၍ ဖြစ်ကြောင်း။

သမိုင်းအစဉ်အလာကြီးမားသည့် အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားသော မိမိတို့နိုင်ငံကြီး၏ အမျိုးဘာသာ သာသနာ မပျက်စီး မပျောက်ကွယ်ရလေအောင် မိမိနှင့်အတူတိုင်းရင်းသား ပြည်သူတစ်ရပ်လုံးက ဝိုင်းဝန်း ထိန်းသိမ်းကြပါစို့ဟု တိုက်တွန်းကြောင်း စသည်ဖြင့် ပြောကြားသွားသည်။

ဆက်လက်ဆွေးနွေး

ထို့နောက် မြို့နယ်စစ်မှုထမ်းဟောင်းအဖွဲ့မှ ဗိုလ်ကြီးသီဟ (အငြိမ်းစား)က ဆက်လက် ဆွေးနွေးတင်ပြရာတွင် နိုင်ငံတော်အစိုးရသည် တိုင်းပြည်တည်ငြိမ်အေးချမ်းရေးကို ရှေးရှုပြီး အမျိုးသားပြန်လည် စည်းလုံးညီညွတ်ရေးတည်ဆောက်နိုင်စေရန် တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်းများကို ဥပဒေဘောင်အတွင်း ဖိတ်ခေါ်ခဲ့ပြီး တိုင်းရင်းသားများ၏ နယ်စပ်ဒေသများ ဖွံ့ဖြိုးစည်ပင်ရေးအတွက်လည်း ရေတိုရေရှည် စီမံကိန်းများ စနစ်တကျချမှတ်အကောင်အထည်ဖော် ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ပြည်ထောင်စုမပြိုကွဲရေးနှင့် အေးချမ်းသာယာပြီး ဘက်ပေါင်းစုံက ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်ကြီးဖြစ်လာအောင် မူဝါဒလမ်းစဉ် (၇)ရပ်ချမှတ်ပြီး အဆင့်ဆင့်ဆောင်ရွက်လျက်ရှိရာတွင် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ တစ်ရပ် ပေါ်ပေါက်လာရေးအတွက် အမျိုးသားညီလာခံကြီးကျင်းပပြီး ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း၊ ဤကဲ့သို့ နိုင်ငံတော်ကြီးကိုအေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်အောင် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးဦးတည်ချက်များကိုလည်း ချမှတ်အကောင်အထည်ဖော် ပေးလျက်ရှိသည့်အတွက် တည်ငြိမ်အေးချမ်းမှုနှင့် စီးပွားရေးတိုးတက်ဖြစ်ထွန်းမှုရရှိနေပြီးဖြစ်သည်ကို တွေ့မြင်ကြရမှာဖြစ်ကြောင်း။

ဖိဖိစီးစီးလုပ်ဆောင်

စနစ်ဟောင်းမှ စနစ်သစ်သို့ ညင်သာစွာ ကူးပြောင်းနိုင်ရေးအတွက် အခြေခံမှုများ ပြည့်စုံရေး ကြိုးပမ်းဆောင်ရွက်နေသည့် ယခုကဲ့သို့ ကာလမျိုးတွင် အင်အားကြီး ပြည်ပနိုင်ငံအချို့က နိုင်ငံရေးအရ ဖိအားပေးမှု၊ စီးပွားရေးအရ ပိတ်ဆို့မှု၊ စွပ်စွဲလုပ်ကြံမှုများကို ရင်ဆိုင်နေရသော်လည်း ကိုယ့်ခွန်ကိုယ့်အားကို အခြေခံပြီး ပြည်ထောင်စုမျိုးချစ်စိတ်ဓာတ်အပြည့်အဝဖြင့် ဖိဖိစီးစီး လုပ်ဆောင်နိုင်မှသာ ပြည်သူများမျှော်မှန်းသည့် စည်းကမ်းပြည့်ဝသော၊ ဘက်စုံဖွံ့ဖြိုး တိုးတက်သော၊ အေးချမ်းတည်ငြိမ်သော ဒီမိုကရေစီနိုင်ငံတော်ကြီးကို တည်ဆောက်နိုင်မည်ဟု မိမိတို့စစ်မှုထမ်းဟောင်းများက အလေးအနက်ယုံကြည်ပါကြောင်း။

သဘာဝသယံဇာတ ကြွယ်ဝလှသည့် နိုင်ငံတော်ကို ပြည်ပနိုင်ငံအချို့က နယ်ချဲ့နည်းမျိုးစုံဖြင့် လွှမ်းမိုးခြယ်လှယ်နိုင်ရန် ကြိုးပမ်းဆောင်ရွက်နေသည်မှာ အများအသိပင်ဖြစ်ကြောင်း၊ ရရှိနေသည့် အောင်မြင်မှုများနှင့် ရည်မှန်းချက်ရောက်လုနီးအခြေအနေကို အပျက်အစီး အဆုံးအရှုံးမခံနိုင်ပါကြောင်း၊ စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော်ကြီး ထာဝစဉ်တည်တံ့ခိုင်မြဲအောင် ကာကွယ်စောင့်ရှောက်သွားရန် မြန်မာနိုင်ငံသားတိုင်း၏ မွေးရာပါ သမိုင်းပေးတာဝန် ဖြစ်ကြောင်း၊ အဖျက် အန္တရာယ်များကို ကြံ့ကြံ့ခံတွန်းလှန်အောင်မြင်ရေးအတွက် စည်းလုံးညီညွတ်မှုနှင့် ပြည်ထောင်စု မျိုးချစ်စိတ်ဓာတ်သည် မရှိမဖြစ် အထူးလိုအပ်ပါကြောင်း၊ မှန်ကန်သောအသိ၊ စစ်မှန်သော ခံယူချက်နှင့် နိုင်ငံတော် တည်ဆောက်သူများဖြစ်အောင် မျိုးချစ်စိတ်ဓာတ်ရှိသူတိုင်း ကြိုးပမ်းဆောင်ရွက်ရမှာဖြစ်ကြောင်း၊ နိုင်ငံတော်၏ အမျိုးသားရေးမူဝါဒများဖြစ်သည့် ဒို့တာဝန်အရေးသုံးပါးသည် အားလုံးအတွက် အသက်တမျှအရေးကြီးပြီး ဒို့တာဝန်အရေးသုံးပါးသည်သာ စစ်မှန်သည့် ပြည်ထောင်စု မျိုးချစ်စိတ်ဓာတ်ဖြစ်သည်ဆိုသည်ကို မိမိတို့ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်ထုကြီးက အကြွင်းမဲ့သဘောပေါက်ခံယူကြောင်း တင်ပြလိုပါကြောင်း စသည်ဖြင့် ပြောကြားသွားသည်။

ယင်းနောက် ဆွေးနွေးချက်များအပေါ် လူထုအစည်းအဝေးကြီးက ဆုံးဖြတ်အတည်ပြုပေးနိုင်ပါရန် ကရင်ပြည်နယ်ပြည်ထောင်စု စာမျက်နှာ ၁၁ ကော်လံ ၁ သို့ ➪

သဘာဝသယံဇာတ ကြွယ်ဝလှသည့် နိုင်ငံတော်ကို ပြည်ပ နိုင်ငံအချို့က နယ်ချဲ့နည်းမျိုးစုံဖြင့် လွှမ်းမိုးခြယ်လှယ်နိုင်ရန် ကြိုးပမ်းဆောင်ရွက်နေသည်မှာ အများအသိပင်ဖြစ်ကြောင်း၊ ရရှိနေသည့် အောင်မြင်မှုများနှင့် ရည်မှန်းချက်ရောက်လုနီး အခြေအနေကို အပျက်အစီး အဆုံးအရှုံးမခံနိုင်ပါကြောင်း၊ စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော်ကြီး ထာဝစဉ် တည်တံ့ခိုင်မြဲအောင် ကာကွယ် စောင့်ရှောက်သွားရန် မြန်မာနိုင်ငံသားတိုင်း၏ မွေးရာပါ သမိုင်းပေး တာဝန်ဖြစ်။

တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော်နှင့် ဝန်ကြီး ဗိုလ်ချုပ်ဌေးဦး ရေလှောင်တမံများ ကြည့်ရှုစစ်ဆေးမှာကြား

ရန်ကုန် ဇူလိုင် ၂၈

မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော်နှင့် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ဌေးဦးတို့သည် ဇူလိုင် ၂၅ရက်တွင် မန္တလေးတိုင်း ပျော်ဘွယ်မြို့နယ်ရှိ ချောင်းကောက် ရေလှောင်တမံသို့ ရောက်ရှိကြရာ ဆည်မြောင်းဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး (ထိန်းသိမ်းရေး)က ဆည်ရေဝင်မှုနှင့် ချောင်းကောက် ရေလှောင်တမံနှင့် လွန်ငင်ရေလှောင်တမံ ဆက်သွယ်တူးမြောင်းသို့ ရေချပေးနိုင်မည့်လုပ်ငန်းများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် တိုင်းမှူးနှင့် ဝန်ကြီးတို့က ဆောင်ရွက်ရမည့် လုပ်ငန်းများ ချမှတ်ပေးပြီး ချောင်းကောက် ရေလှောင်တမံ၏ ရေဝင်မှုကို ကြည့်ရှုစစ်ဆေးသည်။

ချောင်းကောက် ရေလှောင်တမံ၌ ကန်ရေပြည့် ရေလှောင်ပမာဏ ဧကပေ ၁၂၅၀၀သိုလှောင်နိုင်ရာ ဇူလိုင် ၂၅ရက်အထိ ရေဧကပေ ၆၈၀၀ သိုလှောင်ရရှိထားပြီဖြစ်သည်။

ထို့နောက် တိုင်းမှူးနှင့် ဝန်ကြီးတို့သည် ဆက်သွယ်တူးမြောင်းတစ်လျှောက်မှ လွန်ငင်ရေလှောင်တမံသို့ရောက်ရှိပြီး လုပ်ငန်းများကို စစ်ဆေးသည်။

လက်ခုပ်ပင်ရေလှောင်တမံ

ဆက်လက်၍ လွန်ငင်ရေလှောင်တမံမှ ဆက်သွယ်တူးမြောင်းတစ်လျှောက်၌ တူးမြောင်းလုပ်ငန်းများ ဆောင်ရွက်မှုကို ကြည့်ရှုစစ်ဆေးပြီး လက်ခုပ်ပင် ရေလှောင်တမံသို့ ရောက်ရှိသည်။

ထို့နောက် လက်ခုပ်ပင်ရေလှောင်တမံနှင့် ညောင်ကုန်းရေလှောင်တမံကြား၌ လုပ်ငန်းဆက်စပ်ရန် ကျန်ရှိနေသည့် ပေ ၈၀၀ အရှည် ရှိသည့် တူးမြောင်းပြီးစီးအောင် စက်ယန္တရားအင်အားများဖြင့် စုစည်းလုပ်ကိုင်ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် တိုင်းမှူးနှင့် ဝန်ကြီးတို့သည် ညောင်ကုန်းရေလှောင်တမံသို့ ရောက်ရှိကြရာ စီမံကိန်းရှင်းလင်းဆောင်၌ ဆည်မြောင်းဦးစီးဌာန တည်ဆောက်ရေး(၇) ဒုတိယညွှန်ကြားရေးမှူး ဦးမျိုးထွန်းက ပျော်ဘွယ်မြို့နယ်ရှိ ချောင်းကောက် ရေလှောင်တမံ၏ နှစ်စဉ် ပိုလျှံရေများကို ဆက်သွယ်တူးမြောင်းများမှတစ်ဆင့် ညောင်ကုန်းရေလှောင်တမံသို့ရေချပြီး ညောင်ကုန်းရေလှောင်တမံမှ မိတ္ထီလာကန်သို့ ရေဖြည့်ပေးမည့်လုပ်ငန်းများ ဆောင်ရွက်မှုနှင့် ပြီးစီးမှုတို့ကိုလည်းကောင်း၊ ဒေသအတွင်းရှိ ကျေးရွာ ဆည်ငယ်၊ ကန်ငယ်များ ရေပိုမို သိုလှောင်နိုင်ရန် ဆောင်ရွက်နေမှုတို့ကို လည်းကောင်း ရှင်းလင်းတင်ပြရာ ဝန်ကြီးက လုပ်ငန်းများ သတ်မှတ်ချိန်ကာလ ပြီးစီးအောင် ဆောင်ရွက်ရေး မှာကြားသည်။

ဆက်လက်၍ တိုင်းမှူးနှင့် ဝန်ကြီးတို့သည် သာစည်မြို့နယ် ကုန်းတောင်းကျေးရွာအနီးရှိ ကုန်းတောင်းဆည်ကို ကျေးရွာဆည်ငယ်၊ ကန်ငယ်မှ ရေဧကပေ ၂၀၀ သိုလှောင်၍ စိုက်ပျိုးဧက ၇၀၀ သို့ ရေပေးနိုင်ရန် တမံအလျားပေ ၁၄၀၀၊ တမံအမြင့် ၁၀ပေ မြှင့်တင်ထားမှုကို ကြည့်ရှုစစ်ဆေးရာ ဆည်မြောင်းဦးစီးဌာန တာဝန်ခံများက ရေရရှိနိုင်သော ဆည်ငယ်ကန်ငယ်များကို မြေပုံဖြင့် ရှင်းလင်းပြသသည်။

ထို့နောက် တိုင်းမှူးနှင့် ဝန်ကြီးတို့သည် ကျေးရွာသူ၊ ကျေးရွာသားများ၊ ရပ်မိရပ်ဖများအား ရင်းရင်းနှီးနှီး တွေ့ဆုံသည်။ (သတင်းစဉ်)

စိမ်းလဲ့ရွှေပြည်ဂျာနယ် အတွဲ(၂)၊ အမှတ်(၇) ထုတ်ဝေ

ရန်ကုန် ဇူလိုင် ၂၈

စိမ်းလဲ့ရွှေပြည်ဂျာနယ် အတွဲ(၂)၊ အမှတ်(၇)ကို ယနေ့ ထုတ်ဝေဖြန့်ချိလိုက်သည်။ **(ယာပုံ)**

အဆိုပါဂျာနယ်တွင် သျှင်ပညာဇောတ၊ ကျော်ဇင်ညွှန့်(တရားရုံးချုပ်ရှေ့နေ)၊ တက္ကသိုလ်မြတ်သူ၊ အောင်စိုး(တိရစ္ဆာန်ဆေးကု ဆရာဝန်)၊ မောင်မောင်သိန်း၊ မရွှေချစ်(လယ်ကိုင်း)၊ မောင်ကောင်းယဉ်၊ မောင်ချစ်ထွေး(မဟာဝိဇ္ဇာ)၊ အေးယုနိုင်(ပြည်)၊ ခင်သန္တာနှင်း(ဖြူး)၊ မော်ကြီး၊ မောင်ကျန်းမာ (မကြီးကုန်းကြီး)၊ လှထွန်း(မြိုင်)၊ ဆန်းလှယဉ်မွေး(ဇီးကုန်း)၊ အလှမိနီယံ(ပြည်)၊ မွေးမြူယောကျ်ား၊ တင်ထွန်းဦး(ရွှေဘိုခရိုင်)တို့၏ သုတ၊ ရသ ဆောင်းပါးများ၊ ကောင်းသစ်စံ၏ ဝတ္ထုတို၊ ဇာနည်၊ မော်တောင်ဆရာတော်၊ မင်းမောင်လွင်(မွန်ဌာနီ) တို့၏ကဗျာများ၊ ရုပ်ရှင်၊ ဗီဒီယိုအညွှန်း၊ ကာတွန်း၊ ဆြာစန်း၏ ဗေဒင်ကဏ္ဍ၊ အင်္ဂလိပ်စကားပြောသင်ခန်းစာတို့ စုံလင်စွာ ဖော်ပြပါရှိသည်။

(သတင်းစဉ်)

မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော်နှင့် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ဌေးဦး မန္တလေးတိုင်း ပျော်ဘွယ်မြို့နယ်ရှိ ချောင်းကောက် ရေလှောင်တမံရေဝင်မှုကို ကြည့်ရှုစစ်ဆေးစဉ်။ (လယ်ယာ/ဆည်မြောင်း)

➪ စာမျက်နှာ ၁၀ မှ

ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင် မိထက်ထက်အောင်က အဆိုတင်သွင်းသည်။

ထို့နောက် စက်မှုကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးနှင့်စပ်လျဉ်း၍ အလုပ်သမားကိုယ်စားလှယ် ဦးဝင်းတင်က အဆိုတင်သွင်းရာတွင် ၁၉၈၈ ခုနှစ် မတ်လကုန်အထိ စက်မှုလက်မှုလုပ်ငန်းပေါင်း ၂၇၄၃၀ ရှိခဲ့ရာမှ ၂၀၀၅ခု မတ်လတွင် စက်မှုလက်မှုလုပ်ငန်းပေါင်း ၅၆၈၉၀ထိရှိလာကြောင်း၊ လုပ်ငန်းပေါင်း ၂၉၄၆၀ထိ တိုးတက်လာသည်ကို တွေ့ရပါကြောင်း၊ မည်သည့်ခေတ်အချိန်အခါနှင့်မျှ မတူအောင် အထူးတိုးတက်သော ကာလဖြစ်ကြောင်း။

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေကလည်း စိုက်ပျိုးရေးကိုအခြေခံသည့် စက်မှုလုပ်ငန်းဖွံ့ဖြိုးရေးအတွက် ၁၉၉၅ ခုနှစ် ဇူလိုင်လ ၄ရက်နေ့တွင် စိုက်ပျိုးရေးကို အခြေခံသောစက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး၊ စက်မှုထုတ်ကုန်များ၏ အရေအတွက်နှင့် အရည်အသွေး တိုးတက်မြင့်မားရေး၊ စက်ပစ္စည်းအမယ်သစ်များ တိုးတက်ထုတ်လုပ်ရေး၊ စက်မှုလုပ်ငန်းသုံး စက်ကိရိယာများထုတ်လုပ်ရေး၊ နိုင်ငံတော်အား စက်မှုနိုင်ငံတော်အဖြစ် ပြောင်းလဲရေးအတွက် အခြေအနေကောင်းများ ရရှိရေးဆိုသည့် ဦးတည်ချက်(၅)ရပ်ကို ချမှတ်လမ်းညွှန်ပေးခဲ့ပါကြောင်း၊ နိုင်ငံတော်အကြီးအကဲ၏ နိုင်ငံတော်အပေါ်ထားရှိသည့် စေတနာကို တွေ့ရမှာဖြစ်ကြောင်း၊ ဤသည်ကို တိုင်းရင်းသားပြည်သူအားလုံးက နားလည်သဘောပေါက်ကြမှာဖြစ်ကြောင်း။

ရည်မှန်းချက်(၅)ရပ်

မြန်မာနိုင်ငံသည် လယ်ယာစိုက်ပျိုးရေးကို အခြေခံထားခြင်းကြောင့် စက်မှုလယ်ယာနှင့် စက်မှုလက်မှုတည်ဆောက်နိုင်ရေးအတွက် စက်မှုလယ်ယာ ကျယ်ပြန့်စွာ ဖြစ်ပေါ်ရေး၊ စက်ရုံသစ်များတိုးချဲ့ထူထောင်ရေး၊ လက်ရှိစက်ရုံများ စွမ်းအားပြည့် လည်ပတ်ထုတ်လုပ်ရေး၊ စက်မှုဇုန်များ ထိရောက်လျင်မြန်စွာ ဖွံ့ဖြိုးတိုးတက်စေရန်နှင့် စက်မှုဇုန်သစ်များတိုးချဲ့တည်ဆောက်ရေး၊ ပုဂ္ဂလိကစက်မှုကဏ္ဍ ပိုမိုတိုးတက်စေရေးဆိုသည့် ရည်မှန်းချက်(၅)ရပ်ကို ချမှတ်ဆောင်ရွက်လျက်ရှိကြောင်း။

နိုင်ငံတော်အစိုးရသည် အခြားသော ပြည်နယ်နှင့်တိုင်းများနည်းတူ မိမိတို့ကရင်ပြည်နယ်ကိုလည်း စက်မှုလက်မှု တိုးတက်ရေးအတွက် အစဉ်တစိုက်ဆောင်ရွက်ပေးနေသည်ကို တွေ့ရှိရသည့်အတွက် ကရင်ပြည်နယ် တိုင်းရင်းသားပြည်သူတို့ကိုယ်စား ကျေးဇူးတင်ကြောင်း ပြောကြားရင်း နိဂုံးချုပ်အပ်ပါကြောင်းစသည်ဖြင့် ပြောကြားသွားသည်။

တစ်ခဲနက်ကြွေးကြော်

ယင်းနောက် အခမ်းအနားသဘာပတိက လူထုအစည်းအဝေးပွဲတက်ရောက်လာသူများ၏ သဘောထားရယူပြီး အဆိုနှစ်ရပ်ကို အတည်ပြုကြောင်း ကြေညာသည်။ ထို့နောက် အခမ်းအနားကို ကြွေးကြော်သံများ တစ်ခဲနက်ကြွေးကြော်၍ နံနက် ၁၁နာရီ ၁၅မိနစ်တွင် အောင်မြင်စွာ ရုပ်သိမ်းလိုက်သည်။

(သတင်းစဉ်)

စာချတန်းနှင့် ပါဠိဂုဏ်ထူးသင်တန်း ဖွင့်မည်

ရန်ကုန် ဇူလိုင် ၂၈

စာချတန်းသုံး ခေတ်မီသင်ပြနည်းစနစ်ဖြင့် ဆိုရိုးစုံပြ ဓမ္မာစရိယကြေးမုံကျမ်းကို မူထား၍ ပါဠိဂုဏ်ထူး ဆရာကြီး ဦးအောင်ခိုင်(န-ပ-သ-အဘိဓမ္မာမဟာဌာနတွဲဖက်ပါမောက္ခ သာသနာရေးဝန်ကြီးဌာနအကြံပေးပုဂ္ဂိုလ်)က ဇူလိုင် ၃၀ရက်မှစ၍ ပါရာဇိကဏ်ကို မွန်းလွဲ ၂နာရီမှ ၃နာရီအထိ၊ ပါစိတျာဒိဂုဏ်ထူးကို ညနေ ၄နာရီမှ ၅နာရီအထိ သင်ကြားပို့ချမည်ဖြစ်ရာ ဗဟန်း-၃လမ်း တိုက်အမှတ်(၃၁) (အခန်း ဘီ-၂)သို့ ဆက်သွယ် စာရင်းပေးသွင်းနိုင်ကြောင်းသိရသည်။

(က-ပ)

ရန်ကုန်မိုး

ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့ မိုးတစ်ကြိမ်နှစ်ကြိမ်ရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၂၉-၇-၂၀၀၅ (သောကြာနေ့)

၇း၀၀	MRTV-4 အဖွင့် Logo ၊ ယနေ့အစီအစဉ်
၇း၀၅	တေးဂီတအစီအစဉ်
၇း၁၀	စံပြကျေးရွာဖြစ်စေဖို့ ဝိုင်းဝန်းကြိုးပမ်းစို့
၇း၃၀	နိုင်ငံတကာသတင်းအကျဉ်း
၇း၃၅	တေးဂီတအစီအစဉ်
၇း၄၀	၂၀၀၅ ခုနှစ် နိုင်ငံတကာပိုက်ကျော်ခြင်း
၇း၅၀	ပြည်တွင်းသတင်းအကျဉ်း
၇း၅၅	တေးဂီတအစီအစဉ်
၈း၀၀	ကျွန်းသင်းသတ်ခြင်းလုပ်ငန်း
၈း၁၀	တေးဂီတအစီအစဉ်
၈း၁၅	ဂီတဆည်းဆာတေးသံသာ
၉း၀၀	နိုင်ငံတကာသတင်းအကျဉ်း
၉း၀၅	တေးဂီတအစီအစဉ်
၉း၁၀	ဆရာအတတ်ပညာဖွံ့ဖြိုးရေးလုပ်ငန်းဆောင်ရွက်ချက်များ
၉း၂၀	ပြည်တွင်းသတင်းအကျဉ်း
၉း၂၅	တေးဂီတအစီအစဉ်
၉း၃၀	UEFA Stories Best Players(1)
၉း၅၅	တေးဂီတအစီအစဉ်
၁၀း၀၀	အသည်းရောင်အသားဝါ(ဘီ)ရောဂါကာကွယ်ဆေးထိုး လုပ်ငန်းအကြောင်းသိကောင်းစရာ
၁၀း၁၅	တေးဂီတအစီအစဉ်
၁၀း၂၀	မိုးလေဝသခန့်မှန်းချက်
၁၀း၂၅	ဖန်တီးသူတို့အနုပညာ(သာမန်မိတ်ကပ်)
၁၀း၄၅	တေးဂီတအစီအစဉ်
၁၀း၅၀	အမှတ်(၃) စက္ကူစက်ရုံ
၁၁း၀၀	MRTV-4 အပိတ် Logo

အထက်ပါ (၄)နာရီစာ အစီအစဉ်များကို ည ၂၃း၀၀ နာရီအထိ (၄)ကြိမ် ဆက်တိုက် ထုတ်လွှင့်သွားမည်ဖြစ်ပါသည်။

ကွယ်လွန်သူ မိဘ ဦးစိန်ပန်း-ဒေါ်လှရီတို့အား ရည်စူး၍ အမှတ်(၆) မြဧယျာလမ်း လှည်းတန်း ကမာရွတ်မြို့နယ်နေ ဦးတင်မောင်ဝင်း-ဒေါ်သန်းအေးမိသားစုက ဗဟန်းမြို့နယ် ဇီဝိတဒါနသံဃာ့ဆေးရုံကြီးသို့ ထာဝရဆေးပဒေသာပင် အလှူငွေကျပ် တစ်သိန်းလှူဒါန်းရာ ဆေးရုံအုပ်ချုပ်ရေးအဖွဲ့ တွဲဖက်အတွင်းရေးမှူး(၂) ဒုတိယဗိုလ်မှူးကြီးဘဉာဏ်(ငြိမ်း) လက်ခံယူစဉ်။

(က-ပ)

မကွေးတိုင်း၌ ယခုနှစ်စပါးကောဝသိမ်းအပြည့်အဝစိုက်ပျိုးရန်လျာထား စိုက်ပျိုးရေရရှိရေး လွယ်ကူသည့် ဆည်၊ကန်များကို ဦးစားပေးတည်ဆောက်

ရန်ကုန် ဇူလိုင် ၂၈

မန္တလေးတိုင်း ညောင်ဦးမြို့၌ရောက်ရှိနေသော နိုင်ငံတော် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယ ဗိုလ်ချုပ်ကြီး ရဲမြင့်သည် ဇူလိုင် ၂၅ ရက် နံနက် ၈ နာရီတွင် ပုဂံမြို့ရှိ တပ်မတော်ဧည့်ရိပ်သာ၌ မကွေးတိုင်း စိုက်ပျိုးရေးကြီးကြပ်မှုကော်မတီဝင်များနှင့် တွေ့ဆုံဆွေးနွေး မှာကြားသည်။

အဆိုပါ တွေ့ဆုံပွဲသို့ မကွေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးကြီးဘုန်းမော်ရွှေ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးနှင့် ဌာနဆိုင်ရာ များမှ တာဝန်ရှိသူများ၊ မကွေးတိုင်း စိုက်ပျိုးရေး ကြီးကြပ်မှုကော်မတီဝင်များ တက်ရောက်ကြသည်။

ရှေးဦးစွာ မကွေးတိုင်း အေးချမ်း သာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးကြီးဘုန်းမော်ရွှေက မကွေးတိုင်း အတွင်း ၂၀၀၅-၂၀၀၆ခုနှစ် နွေစပါး စိုက်ပျိုးပြီးစီးမှုနှင့် မိုးစပါးစိုက်ပျိုးရန် လျာထားချက်၊ မိုးစပါး စိုက်ပျိုးထားရှိမှု အခြေအနေများနှင့်စပ်လျဉ်း၍ အသေး စိတ်ရှင်းလင်းတင်ပြသည်။

ထို့နောက် မကွေးတိုင်း မြန်မာ့ စိုက်ပျိုးရေးလုပ်ငန်းမှ ဒုတိယအထွေ ထွေမန်နေဂျာ ဦးကျော့မောင်က တိုင်း အတွင်း နွေစပါး၊ မိုးစပါး၊ ဆီထွက် သီးနှံ၊ ပဲမျိုးစုံ စိုက်ပျိုးထားရှိမှု၊ မြို့နယ် အလိုက် စပါးစိုက်ပျိုးရန် လျာထားချက် နှင့် စိုက်ပျိုးမှု အခြေအနေများကို ရှင်းလင်းတင်ပြပြီး ဌာနဆိုင်ရာ တာဝန် ရှိသူများက မြစ်ရေတင် စီမံကိန်းများ၊ ဆည်နှင့်ရေလှောင်တမံများဖြင့် စိုက်ပျိုး ရေးလုပ်ငန်း ဆောင်ရွက်နေမှု အခြေ အနေများကို သက်ဆိုင်ရာ ကဏ္ဍ အလိုက် ရှင်းလင်းတင်ပြကြသည်။

ဆက်လက်၍မကွေးတိုင်းဆည်မြောင်း ဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးတင်ဝင်း က မုန်းချောင်းတွင် ရေလှောင်တမံများ တည်ဆောက်ခြင်းဖြင့် ရရှိလာသောရေ များကို အလေအလွင့်မရှိစေဘဲ အသုံးချ သွားနိုင်မည့် နည်းလမ်း သုံးသွယ် ဖြစ်သည့် မဲဇလီဆည်ရေသောက်တွင် တာပတ်ခြင်းလုပ်ငန်းဖြင့် စိုက်ဧက ၃၈၀၀ ကို ရေပေးဝေနိုင်မည့်အခြေ အနေ၊ စလင်း၊လင်းဇင်းဆည်အထက် တွင် ရေလွှဲဆည် တည်ဆောက်၍ တညောင်ဒေသ တောင်ဘိုချောင်းအထိ စိုက်ဧက ၇၀၀၀ ကို ရေပေးဝေနိုင်မည့် အခြေအနေနှင့် ကြီးအုံကြီးဝဆည်မှ ရေထုတ်ပြွန်တည်ဆောက်၍ စလင်း၊ လင်းဇင်း ဆည်ရေသောက် စနစ်ဖြင့် စိုက်ဧက ၃၀၀၀၀ ကို ရေပေးဝေနိုင်မည့် အစီအစဉ်တို့ကို ရှင်းလင်းတင်ပြရာ မကွေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးကြီး ဘုန်းမော်ရွှေက ဖြည့်စွက်ရှင်းလင်း တင်ပြသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်က ရှင်းလင်းတင်ပြချက်များ အပေါ် ဆွေးနွေးမှာကြားရာတွင် မကွေး တိုင်းတွင် စပါးဧက ၁၀ သိန်းပြည့်မီရေး အတွက် ယခုနှစ်အတွက် စိုက်ပျိုးရန် လျာထားပြီးစပါးသီးနှံအပြည့်အဝစိုက်ပျိုး နိုင်ရေး၊ကျန်သီးနှံများကို ရည်မှန်းချက် ကျော်လွန်အောင် စိုက်ပျိုးရေး၊ ပခုက္ကူ ဒေသ စိမ်းလန်းစိုပြည်ရေးနှင့် စိုက်ပျိုး ရေရရှိရေးအတွက် တည်ဆောက်နေ သောဆည်၊ ကန် ၇၁ ခုရှိရာ ဆက်လက် တည်ဆောက်သွားမည့် ဆည်အနက် ကျန်ရှိနေသည့် ၂၇ ကန်ကို အမြန် တည်ဆောက်ကြရန်လိုကြောင်း၊ ထိုသို့ တည်ဆောက်ရာ၌ တည်ဆောက်ရန် လွယ်ကူသည့် ဆည်၊ကန်များကို ဦးစား ပေးတည်ဆောက်သွားရန် ဖြစ်ကြောင်း၊ စိုက်ပျိုးရေး ကြီးကြပ်မှုကော်မတီဝင် များ၊ဌာနဆိုင်ရာတာဝန်ရှိသူများအနေဖြင့် ယခင်နှစ်က စိုက်ပျိုးမှုအားနည်းချက်၊ အားသာချက်များကို ပြန်လည်လေ့လာ သုံးသပ်၍ အားနည်းချက်များအပေါ် ပြုပြင် ဆောင်ရွက်သွားရန် လိုအပ် ကြောင်း၊ မိမိတာဝန်ယူ ဆောင်ရွက် ရသည့်လုပ်ငန်းကျွမ်းကျင်မှုသာ တိုးတက် မှုများ ရရှိလာမည်ဖြစ်ပြီး မိမိလုပ်ငန်း အပေါ် ကျွမ်းကျင်နှံ့စပ်မှုရှိရန်အောက်ခြေ အထိ ကွင်းဆင်းဆောင်ရွက်ကြရန် လိုအပ်ကြောင်း၊ ထို့ပြင်စိုက်ပျိုးမြေဧက များ တိုးချဲ့ဖော်ထုတ်ရန်နှင့် ဒေသနှင့် ကိုက်ညီမည့် မျိုးကောင်း မျိုးသန့်စပါး များရွေးချယ်စိုက်ပျိုးသွားကြရန်မှာကြား ပြီး တွေ့ဆုံပွဲကို ရုပ်သိမ်းလိုက်သည်။

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေး ဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့် မကွေးတိုင်း စိုက်ပျိုးရေးကြီးကြပ်မှု ကော်မတီဝင်များအား တွေ့ဆုံဆွေးနွေးမှာကြားစဉ်။ (သတင်းစဉ်)

မုံလယ်တောရစမ္မရိပ်သာ ဝါတွင်းတရားပွဲ

ရန်ကုန် ဇူလိုင် ၂၈

နှစ်စဉ်ကျင်းပမြဲဖြစ်သော ပဲခူး(၁၀)မိုင်ကုန်း မုံလယ်တောရစမ္မရိပ်သာ တရားစခန်းပွဲများကို ဩဂုတ် ၁၄ ရက်မှ ၂၀ ရက်၊ စက်တင်ဘာ ၁၂ ရက်မှ ၁၈ ရက်၊ အောက်တိုဘာ ၉ ရက်မှ ၁၅ ရက်အထိ သုံးကြိမ် ကျင်းပမည် ဖြစ်သည်။

စခန်းဝင်လိုသူယောဂီများ ဩဂုတ် ၁၄ ရက်၊ စက်တင်ဘာ ၁၂ ရက် နှင့် အောက်တိုဘာ ၉ ရက် ညနေအရောက်လာရောက်ရန် နှိုးဆော်ထားသည်။ (က-ပ)

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့် နှင့် အဖွဲ့ဝင်များသည် ပုဂံရှေးဟောင်း ယဉ်ကျေးမှုနယ်မြေရှိ အမှတ်(၁) စက်မှု ဝန်ကြီးဌာန၏ ဝင်းသူဇာအရောင်းဆိုင်သို့ သွားရောက်၍ အိမ်သုံးဆေးများ၊ လူသုံးကုန်ပစ္စည်းများနှင့် စားသောက် ကုန်များ ရောင်းချနေမှုကို ကြည့်ရှု စစ်ဆေးရာ ဆိုင်တာဝန်ခံ ဦးမောင် မောင်ကြီးက ရှင်းလင်းပြသသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်နှင့်အဖွဲ့ဝင်များသည် ညောင်ဦး ခရိုင် ပြည်သူ့ဆေးရုံကြီးသို့ ရောက်ရှိ ကြရာ ခရိုင်ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာမောင်မောင်မြင့်၊ ဆရာဝန် များနှင့် သူနာပြုဆရာမများက ကြိုဆိုကြ သည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်သည် နိုင်ငံခြားသားလူနာဆောင် ကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်နှင့်အဖွဲ့ဝင်များသည် ညောင်ဦး မြို့မှ လေကြောင်းခရီးဖြင့် ရန်ကုန်မြို့သို့ ထွက်ခွာရာ ညနေပိုင်းတွင် ပြန်လည် ရောက်ရှိကြသည်။ (သတင်းစဉ်)

ခုနစ်ရက်တရားစခန်းဖွင့်မည်

ရန်ကုန် ဇူလိုင် ၂၈

ရန်ကုန်တိုင်း၊တောင်ဥက္ကလာပမြို့နယ်၊ အမှတ်(၅)ရပ်ကွက်(၄)ဝိုင်း၊ ဓမ္မရောင် ခြည်သဲအင်းဂူ ကမ္မဋ္ဌာန်းကျောင်းတွင် မူလကျေးဇူးတော်ရှင် သဲအင်းဂူဆရာ တော်ကြီး၏တပည့် အရှင်ပဏ္ဍာဝံသ (မိဂလုံ) ဆရာတော်က ခန္ဓာကိုယ်တွေ့ သမထ ဝိပဿနာ တရားတော်များ ဟောကြားပြသမည်ဖြစ်ပြီး ရှစ်ကြိမ် မြောက်တရားစခန်းပွဲကို ဩဂုတ် ၁၃ရက်မှ ၁၉ရက်အထိ အခမဲ့အဓိဋ္ဌာန် ဝင်ခွင့်ခုနစ်ရက် ကျင်းပမည်ဖြစ်ရာ တရားစခန်းဝင်လိုသူများသည် ဩဂုတ် ၁၂ရက်(သောကြာနေ့) ညနေ အရောက် လာရောက်ကြရန်နှင့် အာဟာရဒါနလှူဒါန်းလိုသူများဆက်သွယ် လှူဒါန်းနိုင်ကြောင်းသိရသည်။(က-ပ)

ရန်ကုန်မြို့ ဗဟန်းမြို့နယ် ရွှေတောင်ကြား(၁)လမ်း၊ အမှတ်(၇၀/ဆ)နေ ဒေါက်တာ ဦးသန်းထွန်း မိသားစုတို့က ဆေးပဒေသာပင်အတွက် ငွေကျပ်နှစ်သိန်းကို နှင်းဆီကုန်းဘိုးဘွားရိပ်သာ အုပ်ချုပ်ရေးအဖွဲ့ တွဲဖက် အတွင်းရေးမှူး ဦးသိန်းအောင်ထံ ပေးအပ်လှူဒါန်းစဉ်။ (က-ပ)

တရားစီရင်ရေးဆိုင်ရာ လုပ်ငန်းညှိနှိုင်းစည်းဝေး

ရန်ကုန် ဇူလိုင် ၂၈

မွန်ပြည်နယ်အတွင်းရှိ တရားရုံးများ၏ တရားစီရင်ရေးဆိုင်ရာ လုပ်ငန်း ညှိနှိုင်းအစည်းအဝေးကို ဇူလိုင် ၂၃ရက်က မွန်ပြည်နယ်တရားရုံး အစည်း အဝေးခန်းမ၌ကျင်းပရာ ပြည်နယ် တရားသူကြီးဦးလှဝင်းက တရားရုံးချုပ်နှင့် ပြည်နယ်၊တိုင်းတရားသူကြီးများ၏ (၂၆)ကြိမ်မြောက် လုပ်ငန်းညှိနှိုင်း အစည်းအဝေး အတွေ့အကြုံများကို ရှင်းလင်းပြောကြားသည်။**(အပေါ်ပုံ)**

ထို့နောက် ပြည်နယ်အတွင်း တရားစီရင်ရေးဆိုင်ရာကိစ္စရပ်များ၊ စီမံခန့်ခွဲရေးကိစ္စရပ်များ၊ လေ့ကျင့်သင်တန်းပေးရေးကိစ္စရပ်များကို ဆွေးနွေးကြသည်။ (သတင်းစဉ်)

ရေဝတီတိုင်း မြောင်းမြ မြို့နယ် တေရသမ အကြိမ် (၁၃) ကြိမ် မြောက် မြန်မာ့ ရိုးရာ ယဉ် ကျေး မှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲကို ဇူလိုင် ၂၃ ရက်က မြောင်းမြမြို့ ပညာ ရတနာ ခန်း မ တွင် ကျင်း ပ ရာ အခြေခံအဆင့် အသက်(၅-၁၀) နှစ် ပြိုင်ပွဲ၌ အမှတ်(၁) အခြေခံပညာ အထက်တန်းကျောင်း စတုတ္ထတန်း(က)မှ မဣန္ဒြေချစ်ဆုက ဓမ္မပူဇာတေးဖြင့် ဝင်ရောက်ယှဉ်ပြိုင်စဉ်။ (က-ပ)

မြဝတီရုပ်မြင်သံကြား အစီအစဉ်

၂၉-၇-၂၀၀၅ (သောကြာနေ့)

နံနက်ပိုင်း

- **၇:၀၀** ၁။ မြဝတီအဖွင့်
- **၇:၀၅** ၂။ အဖွင့်သီချင်း
- **၇:၁၀** ၃။ မျိုးချစ်တပ်မတော်
- **၇:၂၀** ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
- **၇:၃၀** ၅။ မြန်မာသံစဉ်ချိုနားဝင်
- **၇:၄၀** ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
- **၇:၅၅** ၇။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- **၈:၀၀** ၈။ မြဝတီရုပ်မြင်သံကြားသတင်း
- **၈:၁၀** ၉။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- **၈:၁၅** ၁၀။ အပိတ်နှုတ်ဆက်စကား
- **၈:၁၆** ၁၁။ ပြီးပါပြီ။

ညပိုင်း

- **၄:၀၀** ၁။ မြဝတီအဖွင့်
- **၄:၀၅** ၂။ အဖွင့်သီချင်း
- **၄:၁၀** ၃။ လက်စွမ်းပြဟန်ဂီတသံ
- **၄:၂၀** ၄။ ရင်ခုန်စီးဆင်းအချစ်သီချင်း
- **၄:၂၅** ၅။ နားဝင်ငြိမ့်စီးသီချင်းကြီး
- **၄:၃၀** ၆။ မျိုးချစ်တပ်မတော်
- **၄:၄၅** ၇။ အလွမ်းတေးပန်းချီချစ်သူဆီ
- **၅:၀၀** ၈။ **အဝေးသင်ပညာရေးပို့ချမှု အစီအစဉ်** °°°°°-**The Legal Profession** **(ပထမနှစ်-ဥပဒေပညာ)**
- **၅:၄၅** ၉။ သာယာသီကြွေးခေတ်ဆန်းတေး
- **၆:၀၀** ၁၀။ မြဝတီရုပ်မြင်သံကြားသတင်း
- **၆:၁၀** ၁၁။ နိုင်ငံတကာသတင်း
- **၆:၂၀** ၁၂။ မိုးလေဝသသတင်း
- **၆:၂၅** ၁၃။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- **၆:၃၀** ၁၄။ **ကာတွန်းအစီအစဉ် "ရောင်လင်လူစွမ်းကောင်းလေး" (အပိုင်း-၁၈)**
- **၆:၅၀** ၁၅။ လျှပ်တစ်ပြက်ရိုက်ချက်
- **၇:၀၀** ၁၆။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း "ကြော်ငြာချစ်သူ" (အပိုင်း-၁)**
- **၈:၀၀** ၁၇။ မြဝတီရုပ်မြင်သံကြားသတင်း
- ၁၈။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၁၉။ **အရှင်ဇနကာဘိဝံသထေရုပ္ပတ္တိ -မဟာဂန္ဓာရုံမှာ ပညာရှာမီးလိုလျှင်**
- ၂၀။ ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင်
- ၂၁။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း "နှင်းနဂါးသိုင်း" (အပိုင်း-၁၃)**
- ၂၂။ သင့်အတွက်မနက်ဖြန်
- ၂၃။ အပိတ်နှုတ်ဆက်စကား
- ၂၄။ ပြီးပါပြီ။

ညောင်ရွှေမြို့နယ် အင်းလေးဒေသရှိ အင်းလေး အပန်းဖြေဟိုတယ် (Inle Resort) ဖွင့်ပွဲအခမ်းအနားတွင် ဟိုတယ်နှင့် ခရီးသွားလာရေး လုပ်ငန်း ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းဇော်နှင့် အင်းလေးအပန်းဖြေ ဟိုတယ် ကုမ္ပဏီအုပ်ချုပ်မှုဒါရိုက်တာ ဦးလှအောင်တို့ ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြစဉ်။ (ဆက်သွယ်ရေး)

တိုင်းမှူး ဗိုလ်ချုပ်ရဲမြင့်နှင့် ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းဇော် ဆက်သွယ်ရေးလုပ်ငန်းများနှင့် တောင်ကြီးဟိုတယ်စစ်ဆေး

ရန်ကုန် ဇူလိုင် ၂၈

မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်မောင်မောင်သိမ်းနှင့် ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းဇော်တို့သည် ဇူလိုင် ၂၅ရက် နံနက်ပိုင်းတွင် ရှမ်းပြည်နယ် (တောင်ပိုင်း) ရွှေညောင်မြို့သို့ ရောက်ရှိသည်။ ဝန်ကြီးများသည် ရွှေညောင်မြို့ ဆက်သွယ်ရေးလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးပြီး ဆက်သွယ်ရေးအဆင့်မြှင့်နိုင်ရန် စီစဉ်ဆောင်ရွက်ပေးသည်။

ထို့နောက် ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အရှေ့ပိုင်းတိုင်း စစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်ရဲမြင့်နှင့် ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းဇော်တို့သည် ဟိုပုန်းမြို့သို့ရောက်ရှိပြီး ဆက်သွယ်ရေးလုပ်ငန်းများကို စစ်ဆေးသည်။ ဝန်ကြီးသည် လိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးပြီး ဆက်သွယ်ရေးအဆင်ပြေ ချောမွေ့စေရေး မှာကြားသည်။ ယင်းနောက် တိုင်းမှူးနှင့် ဝန်ကြီးတို့သည် တောင်ကြီးမြို့တော်စည်ပင်သာယာခန်းမ၌ ကျင်းပသော မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးနှင့် ရှမ်းပြည်နယ် မွေးမြူရေးနှင့် ရေလုပ်ငန်းအဖွဲ့ချုပ်တို့မှ လုပ်ငန်းရှင်များနှင့် တွေ့ဆုံပွဲ အခမ်းအနားသို့ တက်ရောက်ပြီး လိုအပ်သည်များ မှာကြား ဆွေးနွေးဖြည့်ဆည်းပေးသည်။

ဆက်လက်၍ တိုင်းမှူးနှင့် ဝန်ကြီးတို့သည် တောင်ကြီးဟိုတယ်အား သွားရောက်စစ်ဆေးကြည့်ရှုပြီး အဆင့်မြင့်ပြန်လည်ပြုပြင်မွမ်းမံရေး၊ ဝန်ဆောင်မှုကောင်းမွန်ရေး၊ ထိုက်သင့်သည့်ဈေးနှုန်းသတ်မှတ်ရေး၊ မြှင့်တင်ကြော်ငြာရေးတို့ကို မှာကြားသည်။

ထို့နောက် ဝန်ကြီးသည် တောင်ကြီးမြို့ စာတိုက်လုပ်ငန်း၊ ကြေးနန်းလုပ်ငန်းနှင့် အော်တိုတယ်လီဖုန်းလုပ်ငန်းတို့ကို ကြည့်ရှုစစ်ဆေးပြီး ဆက်သွယ်ရေးအဆင့်မြှင့် ဆောင်ရွက်ခြင်းလုပ်ငန်းများ အချိန်မီပြီးစီးနိုင်ရန် မှာကြားသည်။

ဇူလိုင် ၂၆ရက်နံနက်ပိုင်းတွင် တိုင်းမှူးနှင့် ဟိုတယ်နှင့် ခရီးသွားလာရေး လုပ်ငန်းဝန်ကြီးဌာန ဝန်ကြီးတို့သည် ညောင်ရွှေမြို့နယ် အင်းလေးဒေသရှိ အင်းလေး အပန်းဖြေဟိုတယ် (Inle Resort) ဖွင့်ပွဲ အခမ်းအနားသို့ တက်ရောက်သည်။ အခမ်းအနားတွင် ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းဇော်နှင့် အင်းလေး အပန်းဖြေ ဟိုတယ်ကုမ္ပဏီ အုပ်ချုပ်မှုဒါရိုက်တာဦးလှအောင်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပြီး တိုင်းမှူးဗိုလ်ချုပ်ရဲမြင့်က ဟိုတယ် ဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်၍ဖွင့်လှစ်ပေးသည်။ ထို့နောက် တိုင်းမှူးနှင့် ဝန်ကြီးတို့သည် ဟိုတယ်ဧည့်ခန်းမ၊ အိပ်ဆောင်များ၊ စားသောက်ခန်းမ၊ အစည်းအဝေးခန်းမတို့ကို လှည့်လည်ကြည့်ရှုသည်။

ထို့နောက် တိုင်းမှူးနှင့် ဝန်ကြီးတို့သည် မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန၏စီစဉ်မှုဖြင့်အင်းလေးကန်အတွင်း ငါးမျိုးစိုက်ထည့်ခြင်း အခမ်းအနားသို့ တက်ရောက်ကြသည်။ အခမ်းအနားတွင် တိုင်းမှူးနှင့် ဝန်ကြီးတို့သည် ဌာနဆိုင်ရာတာဝန်ရှိပုဂ္ဂိုလ်များ၊ လုပ်ငန်းရှင်များ၊ မြို့မိမြို့ဖများနှင့်အတူ ငါးသားပေါက်လေးသိန်းကို အင်းလေးကန်အတွင်း ငါးမျိုးစိုက်ထည့်လွှတ်ကြသည်။

မွန်းလွဲပိုင်းတွင် ဝန်ကြီးသည် ညောင်ရွှေမြို့နယ်ရှိ ရှမ်းပြည်နယ် ငါးလုပ်ငန်းအဖွဲ့ချုပ်၏ ငါးသားပေါက်မွေးမြူရေးစခန်းသို့ သွားရောက်ကြည့်ရှုသည်။ ဆက်လက်၍ အင်းလေး ခေါင်တိုင်ဟိုတယ် (Inle Lake View) ဟိုတယ်ကို စစ်ဆေးကြည့်ရှုပြီး လိုအပ်သည်များ မှာကြားသည်။

ရန်ကုန်တိုင်း သဃ်န်းကျွန်းမြို့နယ် ဌာနဆိုင်ရာရုံးများ ငွေစုငွေချေး သမဝါယမအသင်းလီမိတက်၏ ၂၀၀၄-၂၀၀၅ခုနှစ်ဘဏ္ဍာရေးနှစ် နှစ်ပတ်လည် အရပ်ရပ်ဆိုင်ရာ အစည်းအဝေးကို ဇူလိုင် ၂၈ရက်က မြို့နယ်ခန်းမ၌ကျင်းပရာ ၂၀၀၅-၂၀၀၆ခုနှစ်အတွက် ရွေးချယ်ခံရသော အသင်းဥက္ကဋ္ဌ ဦးသောင်းမြင့်နှင့် အမှုဆောင်များ သဘာပတိ ဒေါ်နီနီအောင်ရှေ့မှောက်တွင် ကတိသစ္စာခံယူကြစဉ်။ (၅၀၆)

ဗုဒ္ဓပူဇနိယပွဲကျင်းပမည်

ရန်ကုန် ဇူလိုင် ၂၈

ညောင်ဦးမြို့နယ် စဥ့်ကူမြို့ မြို့ကုန်းရပ်ကွက်ရှိ သမိုင်းဝင်စိန္တာမုနိ စေတီတော် ဗုဒ္ဓပူဇနိယပွဲကို ဗုဒ္ဓပူဇနိယ ဆီမီး၉၉၀၀အဖွဲ့ (အင်းစိန်)မှ ကြီးမှူး၍ ပထမအကြိမ်အဖြစ် စက်တင်ဘာ ၁၀ရက်တွင် အလှူရှင်များ ရေစက်ချ အခမ်းအနားနှင့် ဗုဒ္ဓါဘိသေအနေကဇာတင်ကျင်းပမည်။ မြို့နယ်လုံးကျွတ် သံဃာအပါး ၂၇၀ အား ဆွမ်းဆန်စိမ်း လောင်းလှူခြင်း၊ ဝါဆိုသင်္ကန်းနှင့် စာရေးတံမဲချခြင်း၊ ဆီမီး ၉၉၀၀ ပူဇော်ခြင်းနှင့်အတူ ဘုရားဖူးသွားရောက်မည်ဖြစ်သည်။ စက်တင်ဘာ ၆ ရက်တွင် ထွက်ခွာမည်ဖြစ်ရာ လိုက်ပါလိုသူများ ဩဂုတ် ၂၅ရက် နောက်ဆုံးထား၍ ဆီမီး ၉၉၀၀ ရုံး၊ စုပေါင်းဝင်း အင်းစိန် ဖုန်း-၆၄၀၄၈၇၊ ၆၄၀၄၈၉ တို့သို့ ဆက်သွယ် စာရင်းပေးသွင်းနိုင်ကြောင်း သိရသည်။ (၆၁)

ထို့နောက် ဝန်ကြီးသည်ဟဲဟိုးမြို့သို့ ရောက်ရှိပြီး ဟဲဟိုးမြို့ ဆက်သွယ်ရေး လုပ်ငန်းများကို ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များဖြည့်ဆည်းဆောင်ရွက်ပေးသည်။ (သတင်းစဉ်)

တစ်ချက်တည်းကျင်းဝင်

ရန်ကုန် ဇူလိုင် ၂၈

မော်လမြိုင်မြို့ ငန်းတေးဂေါက်ကွင်းတွင် ဇူလိုင် ၂၃ ရက်က ဦးမင်းထွန်း (ဇမ္ဗူထွန်းတင်ရွှေဆိုင်)သည် ကစားဖော်များဖြစ်ကြသော ဗိုလ်မှူးကြီး မျိုးအောင်ဌေး၊ မွန်ပြည်နယ် စည်ပင်သာယာရေးရုံး ညွှန်ကြားရေးမှူး ဦးတင်လှိုင်၊ မွန်ပြည်နယ် စိုက်ပျိုးရေးရုံးမှ ညွှန်ကြားရေးမှူး ဦးစိန်ဝင်းတို့နှင့် ဂေါက်သီးရိုက်ကစားရာ ၁၆၅ ကိုက်အကွာအဝေးရှိ ကျင်းအမှတ် (၆)သို့ Srixon(4) ဘောလုံးကို Srixon(6) တုတ်ဖြင့် ရိုက်လိုက်ရာ တစ်ချက်တည်းကျင်းဝင်သွားကြောင်းသိရသည်။ (က-ပ)

ချစ်ကြည်ရေးခြေစမ်းပွဲ မြို့တော်ပေကျင်းတွင် ကျင်းပ မန်ချက်စတာယူနိုက်တက်က အိမ်ရှင်အသင်းကို အနိုင်ရ

ပေကျင်း ဇူလိုင် ၂၈

အာရှနိုင်ငံများတွင် ချစ်ကြည်ရေးခြေစမ်းပွဲများကစားရန် ခရီးလှည့်လည်နေသော မန်ချက်စတာယူနိုက်တက်အသင်းနှင့် ပေကျင်းဟွန်ဒိုင်းအသင်းတို့ တရုတ်နိုင်ငံ မြို့တော်ပေကျင်းရှိ အလုပ်သမားအားကစားကွင်းတွင်အင်္ဂါနေ့က ယှဉ်ပြိုင်ကစားရာ မန်ချက်စတာယူနိုက်တက် အသင်းက အိမ်ရှင်အသင်းကို သုံးဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိသည်။

မန်ချက်စတာ ယူနိုက်တက်အသင်းမှ ပေါလ်စခိုးလ်သည် ပထမပိုင်းပွဲကစားချိန်အတွင်းမှာပင် ၎င်းတစ်ဦးတည်းက နှစ်ဂိုးသွင်းယူခဲ့သည်။

ဒုတိယပိုင်းတွင် မန်ချက်စတာယူနိုက်တက်အသင်းအတွက် တတိယမြောက်ဂိုးကို ကိုရီးယားလူမျိုးဘောလုံးသမား ပတ်ဂျေဆန်က သွင်းယူသည်။ ပတ်ဂျေဆန်သည် ကွင်းလယ်ကစားသမား ခရစ္စတီယာနိုရိုနယ်လ်ဒို၏ အထောက်အကူပေးမှုဖြင့် ဂိုးသွင်းနိုင်ခဲ့ခြင်းဖြစ်သည်။

အာရှနိုင်ငံများမှ ဘောလုံးအသင်းများနှင့် ခြေစမ်းရန် ခရီးနှင်လာသော မန်ချက်စတာ ယူနိုက်တက်အသင်းတွင် အသင်းခေါင်းဆောင် ရွိုင်ကိန်းပါဝင်ခြင်းမရှိပေ။ အိုင်ယာလန်လူမျိုးနိုင်ငံတကာ ဘောလုံးသမား ရွိုင်ကိန်းသည် ထိခိုက်ဒဏ်ရာရရှိထားသဖြင့် ဗြိတိန်နိုင်ငံ၌ပင် ကျန်ရစ်နေခဲ့သည်။

ပေါ်တူဂီလူမျိုး နိုင်ငံတကာဘောလုံးသမား ရိုနယ်လ်ဒိုမှာမူ ပြီးခဲ့သည့် စနေနေ့က ဟောင်ကောင်တွင် ကစားသည့် ခြေစမ်းပွဲတွင် မန်ချက်စတာအသင်း၌ မပါဝင်ခဲ့ပေ။

၎င်းသည် နာမကျန်းဖြစ်နေသော ဖခင်ကို စောင့်ရှောက်ရန် ဥရောပ၌ပင်ရှိနေခဲ့သည်။ သို့ရာတွင် တရုတ်နိုင်ငံတွင် ကစားသည့် ခြေစမ်းပွဲအမီ မြို့တော်ပေကျင်းသို့ ရိုနယ်လ်ဒိုရောက်ရှိလာခဲ့ပြီး ပေကျင်းဟွန်ဒိုင်းအသင်းနှင့် ယှဉ်ပြိုင်ရာတွင် ဒုတိယပိုင်းပွဲကစားချိန်တစ်လျှောက်လုံး အချိန်ပြည့် ပါဝင်ကစားခဲ့သည်။

ပေကျင်းတွင် ကစားသည့်ပွဲတွင် မန်ချက်စတာ ယူနိုက်တက်အသင်းအတွက် ဂိုးသွင်းပေးနိုင်ခဲ့သူ ကိုရီးယားဘောလုံးသမား ပတ်ဂျေဆန်ကို သတင်းစာများက ချီးကျူးထောမနာပြုခဲ့ကြသည်။ ပတ်ဂျေဆန်သည် မန်ချက်စတာယူနိုက်တက် အသင်းအတွက် ၎င်း၏ ပထမဆုံးသောဂိုးကို သွင်းယူနိုင်ခဲ့ခြင်းဖြစ်သည်။

ပတ်ဂျေဆန်၏ ကစားပုံကို မန်ချက်စတာယူနိုက်တက်နည်းပြ အဲလက်စ်ဖာဂူဆန်ကသာမက ဘောလုံးပရိသတ်အားလုံးကပါ နှစ်ထောင်းအားရဖြစ်ကြရကြောင်း ဗြိတိန်နိုင်ငံတွင် ထုတ်ဝေသည့် သည်တိုင်းမ်စ်သတင်းစာက ရေးသားဖော်ပြသည်။

မန်ချက်စတာ ယူနိုက်တက်ဘောလုံးအသင်းသည် တရုတ်နိုင်ငံတွင် ချစ်ကြည်ရေး ခြေစမ်းပွဲကစားပြီးနောက် ဂျပန်ကလပ်အသင်းများ ဖြစ်သည့် ကာရှီးမားအန့်တလာအသင်း၊ အူရာဝါရက်ဒ်ဒိုင်းမွန်းအသင်းတို့နှင့် ယှဉ်ပြိုင်ကစားရန် ဇူလိုင် ၂၇ ရက်တွင် ဂျပန်နိုင်ငံသို့ ရောက်ရှိလာသည်။

ရိုက်တာ၊ဆင်ဟွာ။

ဇူလိုင် ၂၇ရက်က ဂျပန်နိုင်ငံ မြို့တော်တိုကျိုရှိ အားကစားရုံတစ်ရုံတွင် ဂျပန်ကလေးများနှင့် တွေ့ဆုံ နှုတ်ဆက်နေသော မန်ချက်စတာ ယူနိုက်တက် အသင်းသားများကို တွေ့ရစဉ်။ *(ဓာတ်ပုံ-အင်တာနက်)*

မန်ချက်စတာယူနိုက်တက် အသင်း ဂျပန်ကလပ်အသင်းကို ရှုံးနိမ့်

ရန်ကုန် ဇူလိုင် ၂၈

ဂျပန်နိုင်ငံသို့ ရောက်ရှိနေသော မန်ချက်စတာ ယူနိုက်တက်အသင်းနှင့် ဂျပန်ဂျေ-လိဂ် ကလပ်အသင်းမှ ကာရှီးမား အန်တလာအသင်းတို့ မြို့တော်တိုကျိုရှိ အမျိုးသားအားကစားကွင်းတွင် ကြာသပတေးနေ့က ယှဉ်ပြိုင်ကစားရာ အိမ်ရှင်အသင်းက နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိသည်။ မန်ချက်စတာယူနိုက်တက် ဘောလုံးအသင်းသည် အရှေ့ဖျားဒေသ ချစ်ကြည်ရေးခြေစမ်းပွဲများကစားခဲ့ရာတွင် ပထမဆုံးအကြိမ် အရှုံးနှင့် ရင်ဆိုင်ရခြင်းဖြစ်သည်။

ပွဲစတင်ပြီးမကြာမတင်မှာပင် ဂျေ-လိဂ်ထိပ်တန်းအသင်းဖြစ်သည့် ကာရှီးမားအသင်းမှ မာဆာရှီမိုတိုယာမက မြေမကျဘောဖြင့် ဂိုးသွင်းနိုင်ခဲ့သည်။ မန်ချက်စတာ ယူနိုက်တက်အသင်းက ချက်ချင်းပင် ချေပဂိုးသွင်းယူနိုင်ရန် ကြိုးပမ်းခဲ့ပြီး ခရစ္စတီယာနိုရိုနယ်လ်ဒို ဖြတ်ပို့ပေးလိုက်သော ဘောလုံးကို ရိုင်ယန်ဂစ်က သွင်းယူခဲ့သည်။

ပထမပိုင်းမပြီးဆုံးမီမှာပင် ကာရှီးမားအသင်းအတွက် ဒုတိယမြောက်ဂိုး ရရှိသည်။ ဂျပန်အသင်းအတွက် ဂိုးသွင်းပေးသူမှာလည်း မာဆာရှီမိုတိုယာမပင်ဖြစ်သည်။

ဒုတိယပိုင်းတွင် ပတ်ဂျေဆန်က ချေပဂိုးသွင်းယူရန် အခွင့်အလမ်းရရှိသော်လည်း ကာရှီးမားဂိုးသမားကာကွယ်နိုင်ခဲ့သည်။ ***ရိုက်တာ။***



ဇူလိုင် ၂၈ ရက်က ဂျပန်နိုင်ငံ မြို့တော်တိုကျိုရှိ အမျိုးသားအားကစားကွင်းတွင် ကျင်းပသည့် ချစ်ကြည်ရေး ခြေစမ်းပွဲ၌ အင်္ဂလိပ်ကလပ်အသင်းမန်ချက်စတာယူနိုက်တက်မှ ဝိန်းရူနေး (ယာ)က ဂျပန်ဂျေ-လိဂ် ကလပ်အသင်း ကာရှီးမားမှ တာကီရှီအိုကီ၏ ရှေ့တွင် ဘောလုံးကိုထိန်းနိုင်ရန် ကြိုးပမ်းစဉ်။ *(ဓာတ်ပုံ-အင်တာနက်)*

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်း တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးအား လက်ခံတွေ့ဆုံ

ရန်ကုန်　　ဇူလိုင်　　၂၈

ပြည်ထောင်စုမြန်မာနိုင်ငံတော်-နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်းသည် ရန်ကုန်မြို့၌ရောက်ရှိနေသော တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး မစ္စတာလီကျောက်ရှင်းနှင့် အဖွဲ့အား ယနေ့နံနက် ၈နာရီတွင် ရန်ကုန်မြို့ ကုန်းမြင့်သာရှိ ဇေယျာသီရိဗိမာန်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

ထိုသို့လက်ခံတွေ့ဆုံရာတွင် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်းနှင့်အတူ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးစိုးသာ၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးများ ဖြစ်ကြသော ဦးကျော်သူနှင့် ဦးမောင်မြင့်၊ ဝန်ကြီးချုပ်ရုံး ညွှန်ကြားရေးမှူးချုပ် ဦးစိုးတင့်၊ နိုင်ငံခြားရေး ဝန်ကြီးဌာန သံတမန်ရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် သူရဦးအောင်ထက်တို့ တက်ရောက်ကြပြီး ဧည့်သည်နိုင်ငံခြားရေးဝန်ကြီးနှင့် အဖွဲ့ဝင်များနှင့်အတူ မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာလီကျင်ကျွမ်းလည်း တက်ရောက်သည်။

ထိုသို့တွေ့ဆုံရာတွင် နှစ်နိုင်ငံအကျိုးတူကိစ္စရပ်များနှင့် ပူးပေါင်းဆောင်ရွက်ရေး ကိစ္စရပ်များအပေါ် ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြသည်။　(သတင်းစဉ်)

ပြည်ထောင်စု မြန်မာနိုင်ငံတော် – နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်း ရန်ကုန်မြို့၌ ရောက်ရှိနေသော တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး မစ္စတာလီကျောက်ရှင်းနှင့် အဖွဲ့အား ရန်ကုန်မြို့ ကုန်းမြင့်သာရှိ ဇေယျာသီရိဗိမာန် ခန်းမ၌ လက်ခံတွေ့ဆုံစဉ်။
(သတင်းစဉ်)

တပ်မတော်က နိုင်ငံတော်အာဏာကို မူလပိုင်ရှင်ဖြစ်သည့် ပြည်သူလူထုထံ စနစ်တကျ ပြန်လည်လွှဲပြောင်းပေးနိုင်ရေး ထိထိရောက်ရောက်ဆောင်ရွက်နေ နိုင်ငံ၏ အနာဂတ်ကောင်းမွန်ရေး ဦးလည်မသုန် ထမ်းဆောင်သွားမှာဖြစ်

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

* နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄)ရပ်

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄)ရပ်

* တစ်မျိုးသားလုံး၏စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

ရန်ကုန်　　ဇူလိုင်　　၂၈

“ပြည်တွင်းပြည်ပအဖျက်သမားများအန္တရာယ်ကို ပြည်သူ့စွမ်းအား စည်းလုံးမှုအင်အားဖြင့် ကာကွယ်ရေး” လူထုအစည်းအဝေးကို ဇူလိုင် ၂၇ ရက် နံနက် ၁၀နာရီတွင် ကရင်ပြည်နယ် ဘားအံမြို့ ဖွဲ့ကပင်ခန်းမ၌ ကျင်းပသည်။

တက်ရောက်

အခမ်းအနားသို့ ကရင်ပြည်နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များ၊ ပြည်နယ်မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းဝင်များ၊ ပြည်နယ် အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ မြန်မာနိုင်ငံစစ်မှုထမ်းဟောင်း အဖွဲ့ဝင်များ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ သူနာပြုများ၊ ဘားအံပညာရေးကောလိပ်မှ ဆရာ၊ ဆရာမများ၊ ပြည်နယ်အဆင့် ဌာနဆိုင်ရာများနှင့် ပြည်သူများ အင်အား ၁၀၀၀ကျော် တက်ရောက်ကြသည်။

အခမ်းအနားတွင် သဘာပတိအဖြစ် ကရင်ပြည်နယ် ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင် ဦးစောမြတ်ထွဋ်ဝင်းက ဆောင်ရွက်ပြီး သဘာပတိအဖွဲ့ဝင်များအဖြစ် ကရင်ပြည်နယ် မိခင်နှင့် ကလေးစောင့်ရှောက်ရေးကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ဒေါ်မာမာလူ၊ ပြည်နယ် အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်တင်စိန်၊ မြို့နယ်စစ်မှုထမ်းဟောင်းအဖွဲ့ စည်းရုံးရေးကော်မတီဥက္ကဋ္ဌ ဦးသက်ဦးရှိန်၊ ပြည်နယ်ကြက်ခြေနီတပ်ဖွဲ့ **စာမျက်နှာ ၈ ကော်လံ ၁ သို့** ✧

☆ နိုင်ငံတော် အစိုးရ၊ တပ်မတော်၊ ပြည်သူလူထုတစ်ရပ်လုံး ပူးပေါင်းကာ နိုင်ငံရေးစွမ်းအား၊ စီးပွားရေးစွမ်းအား၊ ကာကွယ်ရေးစွမ်းအားဆိုသည့် စွမ်းအားသုံးရပ်ကို တည်ဆောက်လျက်ရှိရာ အနာဂတ်ပြည်ထောင်စုမြန်မာနိုင်ငံတော်သည် လူနေမှုစနစ်မြင့်မားသည့် ခေတ်မီနိုင်ငံတော်သို့ ဦးတည်နေပြီ။